မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ဆောက်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်၊ ၂၀၀၈ ခုနှစ်၊ မတ် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၇)၊ အမှတ်(၁၆၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

ဟုမ္မလင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသစ်ဖွင့်

နေပြည်တော် မတ် ၁၁

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဟုမ္မလင်းမြို့ရှိ အဆိုပါပြည်သူ့ဆေးရုံသစ်ရှေ့၌ ကျင်းပရာ ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က ဟုမ္မလင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသစ်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးက ဆေးရုံသစ်ကမ္ပည်းကျောက်ပြားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က ကမ္ပည်းကျောက်ပြားကို အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့ ဟုမ္မလင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ဒို့အနာဂတ် ဒို့ဖန်တီးဖို့ အခြေခံဥပဒေ အတည်ပြုစို့ (၃)

နိုင်ငံတော်က ဒီမိုကရေစီလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးခဲ့သမျှ ပွင့်လင်းသည်။ အများပြည်သူထံချပြရင်း ကမ္ဘာကိုပါသိစေခဲ့သဖြင့် ထင်သာမြင်သာရှိသည်။ အစီအစဉ်များကိုလည်း အချိန်ဇယား ဖော်ပြလုပ်ဆောင်ခဲ့သည်။ ဤသို့ ပွင့်လင်းမြင်သာသည့် လုပ်ငန်းများကို ၅၆သန်း ကျော်သော မြန်မာပြည်သူတို့ သိသည်၊ မြင်သည်၊ ကြားသည်။ မျက်စိမပါ စက္ခုဝိညာဉ်မရှိ၊ သောတဝိညာဉ် တံခါးပိတ်ထားသူများက မမြင် မသိ မကြားသည်မှာ အဆန်းမဟုတ်တော့ပါ။

ခိုင်မျိုးညီလာအောင်၏ ဆောင်းပါး (စာ ၁၀၊ ၁၁) တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

12-3-08 (01).pmd 1 3/12/2008, 12:17 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မတ် ၁၂ ရက်)

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ဂုဏ်ကိုမြှင့်တင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးသည် ကြက်ခြေနီ အခြေခံသဘောတရားများဖြစ်သည့် လူသားချင်းစာနာခြင်း၊ စေတနာ့ဝန်ထမ်း ဆောင်ရွက်ခြင်း၊ စည်းလုံးညီညွတ်မှုရှိခြင်း စသည်တို့အပြင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီလုပ်ငန်းနှင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက် ရှိသည်။

ပြည်သူများ၏ ပဏာမကျန်းမာရေး စောင့်ရှောက်မြှင့်တင်မှုလုပ်ငန်း၊ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများ၊ ဘေးအန္တရာယ်ကျရောက်လာသည့်အခါ ကယ်ဆယ်ကူညီရေးလုပ်ငန်းများကို ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး လူမှုကရုဏာလုပ်ငန်းများ၌ ပါဝင်ကူညီလုပ်ဆောင်နေသည်။

ထို့အပြင် ကြက်ခြေနီတပ်ဖွဲ့ဝင် လူငယ်များစိတ်ဓာတ်နှင့် အလေ့အကျင့် ခိုင်မြဲစေရေးအတွက် အများအကျိုးဆောင်စိတ်ဓာတ်၊ ဘေးဒုက္ခကျရောက်သူများကို ကူညီစောင့်ရှောက်တတ်သည့် စေတနာ့ဝန်ထမ်းစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် နိုင်ငံနှင့်လူမျိုးအပေါ် သစ္စာစောင့်သိတတ်သော မျိုးချစ်စိတ်ဓာတ်တို့ ရှင်သန်ထက်မြက်အောင် အစဉ်လေ့ကျင့် ပျိုးထောင်နေပေသည်။

နိုင်ငံတော်က ကြက်ခြေနီအသင်းကြီးကို မူလတာဝန်များအပြင် အမျိုးသားရေးတာဝန်ပါ တိုးမြှင့်ပေးအပ်ခဲ့သည့်အတွက် အခြားလူမှုရေးအသင်းအဖွဲ့များဖြင့် လုပ်ငန်းကဏ္ဍအလိုက် စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိရာ အကျိုးရလဒ်ကောင်းများ ရရှိဖြစ်ထွန်းနေပြီဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကို ဦးစီးဦးဆောင်ပြုသူများနှင့် အသင်းဝင်များသည် အသင်းကြီး၏ဂုဏ်ကိုမြှင့်တင်ပြီး မွန်မြတ်လေးနက်သည့် အမျိုးသားရေးတာဝန်ကို ထမ်းဆောင်နေသည်ဟု ခံယူကာ နိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းရေးအတွက် တိုင်းကျိုးပြည်ဆောင် ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် ဆက်လက်ကြိုးပမ်း ထမ်းရွက်သွားကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ရွှေပြည်သာမြို့နယ် ဗိုလ်ချုပ်လမ်း အမှတ်၉၇/၃၀ နေ ဒေါက်တာစိန်တင်-ဒေါ်ညွှန့်ညွှန့်ရွှေ၊ သား မောင်စိန်လွင်၊ သမီး မသန္တာဦး၊ မြေး မောင်တင်အောင်ချို မိသားစုက အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်လှိုင်၊ ဦးသိန်းထွန်းနှင့် ဦးသန်းလွင်တို့က လက်ခံယူကြစဉ်။ (က-ပ)

တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး

ရွှေတိဂုံပုံတူ အနှိုင်းမဲ့ ဆုပန်ပြည့်စေတီ ဌာပနာတော်သွင်းလှူပူဇော်ပွဲတက်ရောက်

နေပြည်တော် မတ် ၁၁

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းတို့သည် မတ် ၇ ရက်က ကရင်ပြည်နယ် ပိုင်ကျုံမြို့သို့ရောက်ရှိပြီး ပိုင်ကျုံမြို့၌ တည်ထားသော ရွှေတိဂုံပုံတူအနှိုင်းမဲ့ ဆုပန်ပြည့်စေတီဌာပနာတော်သွင်းလှူ ပူဇော်ပွဲသို့တက်ရောက်၍ ဆရာတော်၊ သံဃာတော်များ လှူဖွယ်ပစ္စည်းများ ဆက်ကပ်သည်။ ဆက်လက်၍ ဌာပနာတော်များ ပင့်ဆောင်ကာ စေတီတော်အား လက်ယာရစ် သုံးပတ်လှည့်လည်ပင့်ဆောင်ပြီး ဌာပနာတော်များ သွင်းလှူပူဇော်၍ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး ဗောဓိညောင်ပင်ကို စိုက်ပျိုးပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် ဓမ္မာရုံ၌ ပိုင်ကျုံမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျေးရွာပြည်သူများနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားကြပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ပရဟိတ ကျောင်းအတွက် Computer တစ်လုံးနှင့် အလှူငွေ ကျပ်ခြောက်သိန်း၊အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တမြင့်မားရေးအတွက် စာအုပ်စာစောင်များနှင့်ပိုင်ကျုံ အထကကျောင်းအတွက် Computer တစ်လုံးတို့ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ပြည်နယ်ဥက္ကဋ္ဌလိုက်ပါလျက် မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် လှိုင်းဘွဲမြို့ အောင်ဆန်းခန်းမ၌ လှိုင်းဘွဲမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများအား တွေ့ဆုံ၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ အစောင် ၁၀၀၀ကို ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက လက်ခံသည်။

လှူဒါန်း

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက လှိုင်းဘွဲမြို့နယ် ပြည်သူ့ဆေးရုံဆေးပဒေသာပင်အတွက် အလှူငွေကျပ်ငါးသိန်း၊ လှိုင်းဘွဲ အထက်တန်းကျောင်းသို့ ယဉ်ကျေးမှုနှင့် စာရိတ္တမြင့်မားရေးအတွက် စာရေးကိရိယာများ လှူဒါန်းသည်။

ပေးအပ်

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ညနေပိုင်းတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ဘားအံမြို့ပေါ်ရှိ ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ဘားအံမြို့ပေါ်ရှိ စာသင်ကျောင်းများအတွက် တစ်နှစ်စာ သတင်းစာဖိုး ငွေကျပ်ငါးသိန်းကို ပေးအပ်သည်။

တက်ရောက်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဘားအံမြို့ ကန်သာယာပန်းခြံ၌ ကျင်းပသော ကရင်ပြည်နယ် ခြံစည်းရိုး ကြက်ဆူပျိုးထောင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ပျိုးပင်များ စိုက်ပျိုးပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက(၂) ကျိုက်ထို အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၁

မွန်ပြည်နယ် ကျိုက်ထိုမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၃ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် အဆိုပါကျောင်း မြက်ခင်းပြင်၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါကျောင်း၌ ၁၉၈၆မှ၂၀၀၃ ခုနှစ်အတွင်း လုပ်သက်နှစ်နှစ်၊အသက် ၄၅နှစ်အထက် အပူဇော်ခံ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူဟောင်းများသည် ပူဇော်ပွဲသို့ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို မခိုင်မာထွေး(ရန်ကုန်)ဖုန်း-၀၁-၅၀၀၅၁၉နှင့် ဆရာမ ဒေါ်စန်းစန်းမင်း ဖုန်း-၀၅၇-၆၀၄၂၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် ရွှေတိဂုံဘုရားလမ်း အမှတ်၇၂နေ ဦးမြင့်ကြည်၏ (၇၁)နှစ်မြောက် မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၁၀၀၀၀ကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တီ=နီ(ရန်ကုန်ဌာန)ဥက္ကဋ္ဌဦးကျော်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။(က-ပ)

ရန်ကုန်တက္ကသိုလ် (ဘူမိဗေဒ) အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၁

ရန်ကုန်တက္ကသိုလ် ၁၉၈၄-၈၅ဘူမိဗေဒ ကျောင်းသားကျောင်းသူများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို မတ် ၂၁ ရက်(သောကြာနေ့) ညနေ ၅နာရီတွင် Hotel Nikko၌ ကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသား ကျောင်းသူများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများ လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၂-၃-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၂၀	၆။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၃၀	၇။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၅း၄၀	၈။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	ကာတွန်းအစီအစဉ် **ငါးကလေးရဲ့စွန့်စားခန်း** (အပိုင်း-၂၉)
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း-၄၅)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	လူရွှင်တော်ရွှေဖလား
	၂၀။	ICT သုတ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စည်းခြားထားသောအချစ်** (အပိုင်း-၁၃)

စိတ်ဝင်စားဖွယ် သတင်းစုံလင်စွာဖြင့် ယခုအပတ် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် မတ် ၁၁

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄) အမှတ်(၁၁)တွင် **“ဆန္ဒခံယူပွဲ ဥပဒေအပေါ် သူတို့သည်လိုမြင်ကြသည်”** ဥပဒေပညာရှင်များ၏ သုံးသပ်ချက်များ၊ ဥစ္စာဖြုန်းမီးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန် ဆင်ခြင်သတိပြုရမည့်အချက်များ၊ မစ္စတာဂမ်ဘာရီ မြန်မာနိုင်ငံသို့ လာရောက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့၊ အခြား သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဒေါ်အောင်ဆန်းစုကြည်တို့နှင့် တွေ့ဆုံပြီး မြန်မာ့အရေးဆွေးနွေး သတင်းနှင့်ဓာတ်ပုံများ၊ အဆိုတော်စိုင်းထီးဆိုင် ကွယ်လွန်ခြင်းအပေါ် အနုပညာရှင်များ၏ ရင်တွင်းခံစားချက်များ၊ စိမ်းလဲ့ကန်သာလမ်း ငါးလောင်းပြိုင် လူသတ်မှုတွင် သေဆုံးသူများ၏ ရုပ်အလောင်းများ ရေဝေးတွင် မီးသင်္ဂြိုဟ်၊ အာရှနည်းပညာတက္ကသိုလ်က ပထမဆုံးအကြိမ် မြန်မာနိုင်ငံနှင့် နည်းပညာရပ်များ ပူးပေါင်းဆောင်ရွက်မည်၊ သားရဲတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဒီပလိုမာသင်တန်း မြန်မာနိုင်ငံတွင်ပထမဆုံးဖွင့်မည်၊ ကိုရီးယားသို့ ပထမဆုံး တရားဝင် အလုပ်သမားစေလွှတ်နိုင်ရေး ကိုရီးယားဘာသာ အရည်အချင်း စစ်စာမေးပွဲ မကြာမီပြုလုပ်မည်၊ ကျွန်းဧကနစ်သောင်း စိုက်ပျိုးမည့်စီမံကိန်း ကုမ္ပဏီသုံးခုပူးပေါင်း၍ မြန်မာနိုင်ငံတွင် ပထမဆုံးဆောင်ရွက်၊ ဇီဝလောင်စာ စီမံကိန်း မြန်မာ-ကိုရီးယားလုပ်ဆောင်မည်၊ ပြောရေးဆိုခွင့် ရပ်ကွက်မှ **‘စားသောက်ကုန်များနှင့်အရောအနှော’** အကြောင်းစသည့် ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် စာမျက်နှာလေးမျက်နှာတိုးကာ ယနေ့ထွက်ရှိလာပြီဖြစ်သည်။ **(အပေါ်ပုံ)**

ဗီယက်နမ်က ပထမဆုံးရာနှုန်းပြည့် နိုင်ငံခြားပိုင်ဘဏ် တည်ထောင်ခွင့်ပြု၊ ဟစ်တလာကို တိုက်ခိုက်ရန် ဗြိတိန်နိုင်ငံက ဗေဒင်ဆရာကိုတာဝန်ပေးခိုင်းစေခဲ့၊ တရုတ်ကျောင်းသားများ အွန်လိုင်းမှဆဲခြင်းနှင့် ကောလာဟလပြောဆိုခြင်းကို ပိတ်ပင်ရန် စဉ်းစားနေ၊ **‘ပထွေး၏ သေလုနီးပါး ရိုက်နှက်ခံခဲ့ရပြီး သတိမေ့မြောနေသည့် မိန်းကလေး သေရွာမှပြန်လာ’** နိုင်ငံတကာမှုခင်းရေးရာ၊ **‘ပြောရဦးမယ် သူတို့ကဒီလိုတဲ့’** နိုင်ငံတကာဖျော်ဖြေရေးကဏ္ဍသစ်၊ အိမ်ကွင်းမှာ ခြေကုန်ထုတ်ရဦးမယ့် အာကြီးနှင့် လီဗာပူးလ်တို့ရဲ့ ပရီးမီးယားလိဂ်ပွဲစဉ် (၃၀)အားကစားသုံးသပ် စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ နည်းပညာနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

သူတော်ကောင်းတို့ မွေ့လျော်ရာ

မမေ့မလျော့သူနှင့် မေ့လျော့သူတို့၏ မသေခြင်း၊ သေခြင်းအကြောင်းတရားကို သိကြကုန်သော ပညာရှိသူတော်ကောင်းတို့သည် မမေ့လျော့သော သတိတရားဖြင့် လောကမှ လွတ်မြောက်ကြောင်းတရား၌ မွေ့လျော်ကြကုန်၏။

(ဓမ္မပဒ ၂၂)

စိတ်ထားဖြူစင် ပါရမီရှင်အသင်း စုပေါင်းငွေလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် မတ် ၁၁

အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝိစာရ (ပခုက္ကူ ဆရာတော်)၏ ဩဝါဒကို ခံယူ၍ အသင်းကြီး၏ (၄)နှစ်မြောက် အထိမ်းအမှတ်နှင့် (၁၁)ကြိမ်မြောက် စုပေါင်း အလှူငွေ ဆက်ကပ်လှူဒါန်း ရေစက်ချအခမ်းအနားကို ၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၁၀ ရက် (မတ် ၁၆ ရက်) မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံဘုရား မြောက်ဘက်မုခ် အာဇာနည်ဗိမာန်လမ်းရှိ ပခုက္ကူဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များအနေဖြင့် ရေစက်ချတရားတော်နာ လာရောက်ကြရန် ဖိတ်ကြားထားသည်။ **(သတင်းစဉ်)**

မဟာစည်ဩဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ (၂၈)ကြိမ်မြောက် သင်္ကြန်အထူးတရားအားထုတ်ပွဲကြီး

ရန်ကုန် မတ် ၁၁

ရန်ကုန်တိုင်း အရှေ့ကြို့ကုန်း အမှတ်(၆) အင်းစိန်လမ်းမကြီး မဟာစည်ဩဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ၌ ၁၃၆၉ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ ရက် (ဧပြီ ၃ ရက်) ကြာသပတေးနေ့မှ ၁၃၇၀ပြည့်နှစ် ဦးတန်ခူးလဆန်း ၁၂ရက် (ဧပြီ၁၇ ရက်) ကြာသပတေးနေ့အထိ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၈)ကြိမ်မြောက် မဟာသတိပဋ္ဌာန် ဝိပဿနာအထူးတရားအားထုတ်ပွဲ ၁၅ ရက်စခန်း ကျင်းပမည်ဖြစ်သည်။

ကုသိုလ်ထူး

တရားအားထုတ်လိုသူယောဂီများ၊ ရဟန်းခံရှင်ပြုလိုသူများ၊ သီလရှင် ဝတ်လိုသူများနှင့် အလှူဒါနပြုလိုသူများသည် ဒုလ္လဘရဟန်းတစ်ပါးအတွက် သပိတ်၊ သင်္ကန်း၊ပရိက္ခရာအစုံ ငွေကျပ်၁၂၀၀၀၊ ရှင်ကြီး၊ ရှင်ငယ်၊ ကိုရင်အတွက် ပရိက္ခရာအစုံ ငွေကျပ် ၉၀၀၀ နှင့် ၈၀၀၀၊ နေ့ဆွမ်းတစ်နပ်လျှင် ငွေကျပ် ၁၂၀၀၀၀၊ အရုဏ်ဆွမ်း ငွေကျပ်၆၀၀၀၀နှင့် ဖျော်ရည် ငွေကျပ် ၁၀၀၀၀ဖြင့် အသီးသီး သာသနာပြုကုသိုလ်ထူးများပြုလုပ်နိုင်ကြောင်းနှင့် စုစုပေါင်း ယောဂီ ၄၅၀ခန့်သာ လက်ခံမည်ဖြစ်ကြောင်း ညောင်ကန်အေးဝေယျာဝစ္စအဖွဲ့ထံမှ သတင်းရရှိသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၂-၃-၂၀၀၈ရက်
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၀၀ ၆။ ကူးလူးဆက်သွယ်ချစ်ကြိုးသွယ် (ကရင်၊ မွန်)
၈:၁၅ ၇။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀ ၈။ International News
၈:၄၅ ၉။ Let's Go
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၀၀ ၅။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၄ခုနှစ်)
၁၇:၁၀ ၆။ မြန်မာစာ၊ မြန်မာစကား
၁၇:၂၅ ၇။ သီချင်းကြီးပဒေသာ
၁၇:၃၀ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၇:၄၀ ၉။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ မြန်မာ့ဓလေ့ ရိုးရာလက်ဖွဲ့
၁၈:၅၀ ၁၃။ **ကုသမနေး တီဘီဘေး** ရာဇာနေဝင်း၊ သုမောင်၊ ညီဂျော်၊ မတူး (ဒါရိုက်တာ-ပန်းချီစိုးမိုး)
၁၉:၀၅ ၁၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၉:၃၀ ၁၅။ ကြေးမုံရိပ်သွင် တေးနယ်ဉ်
၁၉:၄၅ ၁၆။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ မြန်မာဗီဒီယိုဇာတ်လမ်း **ရင်ခုန်သံပြိုင်ပွဲ** ခန့်စည်သူ၊ မင်းအုပ်စိုး၊ ထွန်းအိန္ဒြာဗို (ဒါရိုက်တာ-ကျော်ဇောလင်း)
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

ပဲခူးမြို့မဈေးကြီးနှင့် ကုန်စိမ်း၊ သားငါးဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ရန်ကုန် မတ် ၁၁

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများတွင် မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးစီမံချက်ပါအတိုင်း ဈေးများအလိုက် ကြပ်မတ်စစ်ဆေးဆောင်ရွက်လျက်ရှိရာ ပဲခူးမြို့မဈေးကြီးနှင့် ကုန်စိမ်း၊ သား၊ ငါးဈေးတို့တွင် အပေါ့စားမီးသတ်စက်နှင့် မီးသတ်ယာဉ်များဖြင့် မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို မတ်၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းမြိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့်အဖွဲ့၊ ဈေးအကျိုးဆောင်အဖွဲ့နှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ ဇာတ်တိုက်လေ့ကျင့်ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၃-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

၇:၀၀ - ၁:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ - ၁:၀၅ **လောကဆုံးတာ နိဗ္ဗာန်ပဲ** တရားတော် (ချမ်းမြေ့သာ ဆရာတော် အရှင်ဝိဇေယျ)
၈:၀၀ - ၂:၀၀ Industrial Talk [ဦးထွန်းကြိုင်၊ ဦးတင်အောင်ရွှေ (သုတေသီ)]
၈:၃၀ - ၂:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၀၀ - ၃:၀၀ အတ္ထရုံမြစ်ကမ်းနံဘေး ကျွဲကောစိုက်တဲ့ရွာကလေး
၉:၁၀ - ၃:၁၀ ပြည်တွင်းသတင်းအကျဉ်း
၉:၂၀ - ၃:၂၀ Midweek Sports News
၉:၃၅ - ၃:၃၅ တေးဂီတအစီအစဉ်
၉:၄၀ - ၃:၄၀ ဂုဏ်ယူဖွယ်ရာ မြန်မာ့လက်မှုပန်းပုပညာ
၉:၅၀ - ၃:၅၀ နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅ - ၃:၅၅ တေးဂီတအစီအစဉ်
၁၀:၀၀ - ၄:၀၀ အာရှဘီလိယက်ပြိုင်ပွဲနှင့် U-21 စနူကာပြိုင်ပွဲအကြို သတင်းစာရှင်းလင်းပွဲ
၁၀:၂၀ - ၄:၂၀ မိုးလေဝသခန့်မှန်းချက်
၁၀:၂၅ - ၄:၂၅ အရည်အသွေးထူးခြား Daewoo လျှပ်စစ်ပစ္စည်းများ
၁၀:၅၀ - ၄:၅၀ တေးဂီတအစီအစဉ်
၁၀:၅၅ - ၄:၅၅ ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၅ - ၅:၀၅ ကလေးတို့အတွက် လက်ဆောင် (လင်းနို့ရုပ်နှင့် ကြယ်ပုံစံ သေတ္တာကလေးခေါက်ကြရအောင်)
၁၁:၃၀ - ၅:၃၀ တေးဂီတအစီအစဉ်
၁၁:၃၅ - ၅:၃၅ အိမ်မွေးတိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲ
၁၁:၅၀ - ၅:၅၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၅ - ၅:၅၅ Yangon Panorama (အေးသာယာဝိုင်နှင့် ပြင်သစ်အစားအစာမိတ်ဆက်ခြင်း)
၁၂:၁၀ - ၆:၁၀ တေးဂီတအစီအစဉ်
၁၂:၁၅ - ၆:၁၅ အေးမြသော လေညှင်းလေးများ (မေတ္တာ၊ စိုးမိုးကြည်၊ ဇေယျ၊ ရှူးရှူးမောင်) [ဒါရိုက်တာ အောင်မိုး(ပဲရစ်)]
၁၂:၃၀ - ၆:၃၀ တေးဂီတအစီအစဉ်
၁၂:၃၅ - ၆:၃၅ International Video Topics (တားမြစ် ကန့်သတ်ထားသောမြို့တော်)
၁:၀၀ - ၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၀၀	Portsmouth-Birmingham	ESPN (Live)
၂:၂၄	Chelsea-Derby	Star Sports(Live)
၄:၃၀	Aston Villa-Middlesbrough	ESPN (SDD)

မီးကိုကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ

သွေးတိုးရှိသူများ ဆေးလိပ်သောက်သုံးမှုများလျှင် ဦးနှောက်အတွင်း သွေးကြောပေါက်မှုဖြစ်ပွားနိုင်

လော့စ်အိန်ဂျလိစ် မတ် ၁၁

သွေးတိုးရောဂါရှိသူများ ဆေးလိပ်အလွန်အကျွံသောက်သုံးပါက ဦးနှောက်သွေးကြောပေါက်နိုင်ကြောင်း သုတေသနပြု လေ့လာချက်အရ တွေ့ရှိထားသည်။

ယင်းလေ့လာတွေ့ရှိချက်သည် အာရှပစိဖိတ်ဒေသရှိ ပျမ်းမျှအသက် ၄၇နှစ်အရွယ်လူဦးရေ၅၆၃၁၄၄ဦးအား စစ်ဆေးရာမှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ခံစားရ

၄င်းတို့အား လေ့လာရာတွင် သုံးပုံတစ်ပုံခန့်မှာ ဆေးလိပ်သောက်ကြရာ ခြောက်နှစ်ကျော်ကြာ ယင်းတို့အား လေ့လာခဲ့ရာ ဆေးလိပ်သောက်သူ ၂၁၀၉၆၁ဦး အနက် ၇၄၆ဦးမှာ သွေးကြောပေါက်ရောဂါ ခံစားခဲ့ရသည်။ ထို့အတူ ဆေးလိပ်မသောက်သူ ၃၅၂၁၈၃ဦး အနက် ၈၉၉ဦးမှာလည်း သွေးကြောပေါက်ရောဂါ ခံစားရသည်။

အခြေအနေ

သို့သော်လည်း ယင်းတို့ကို ထပ်မံစစ်ဆေးလေ့လာရာ သွေးတိုးရှိသူများ ဆေးလိပ်သောက်သည့်အခါ ဦးနှောက်အတွင်း သွေးကြောပေါက်နိုင်သည့် အခြေအနေမှာ ၈၁ရာခိုင်နှုန်း ရှိကြောင်း၊သွေးတိုးရောဂါရှိပြီးဆေးလိပ်မသောက်သူများ ဦးနှောက်အတွင်း သွေးကြော ပေါက်နိုင်ခြေမှာ ၆၆ ရာခိုင်နှုန်းသာရှိကြောင်းယင်းလေ့လာချက်တွင် ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂရိနိုင်ငံအလယ်ပိုင်း လာရစ်ဆာမြို့၌ ရထားလမ်းချော်မှု ဖြစ်ပွားခဲ့သည့် မြင်ကွင်းကို ဤသို့တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ဂျာမနီနိုင်ငံ ဘီဗွီဂျီပို့ဆောင်ရေးကုမ္ပဏီတွင် အငြင်းပွားမှုများဖြစ်ပွားခဲ့ပြီးနောက် လျှပ်စစ်ရထားများ၊ ဘတ်စ်ကားများနှင့် မြေအောက်ရထားပို့ဆောင်ရေးလုပ်ငန်းများ ထိခိုက်ခဲ့ရကာ အော့ခရီယုဇ် မီးရထားဘူတာရုံတွင် ခရီးသည်များ သောင်တင်နေသည်ကို မတ် ၇ရက်က ဤသို့တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

တောင်ကိုရီးယား၏ ပထမဆုံး အာကာသယာဉ်မှူး ၂၉ နှစ်အရွယ်ရှိ မစ္စစ်ရီဆိုရီယွန် ဖြစ်လာမည်

ဆိုးလ် မတ် ၁၁

တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံးသော အာကာသယာဉ်မှူးသည် မူလက အမျိုးသားဖြစ်ရန် စာရင်းပေးထားသော်လည်း ရုရှားကပယ်ချခဲ့ပြီးနောက် အမျိုးသမီးအာကာသယာဉ်မှူး ဖြစ်လိမ့်မည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံက ကြေညာသည်။

တောင်ကိုရီးယားနိုင်ငံက အသက် ၃၁နှစ်ရှိ အမျိုးသားအာကာသယာဉ်မှူးကိုဆန့်အစား အသက်၂၉နှစ်ရှိ အမျိုးသမီး အာကာသယာဉ်မှူး ရီဆိုရီယွန် **(အောက်ပုံ)**အား အစားထိုးစေလွှတ်သွားမည်ဟု ဆိုသည်။

ယင်းတောင်ကိုရီးယား အမျိုးသမီး အာကာသယာဉ်မှူးအား ဧပြီလတွင် နိုင်ငံတကာအာကာသစခန်းသို့စေလွှတ်မည်ဖြစ်ကြောင်း ကိုရီးယားတာဝန်ရှိသူများက ပြောကြားသည်။

မှားယွင်း

မစ္စတာကိုဆန်သည်ရုရှားကောလိပ်မှ ထုတ်ပြန်ထားသော အာကာသဆိုင်ရာ စည်းကမ်းချက်များကို နားလည်အောင် ဖတ်ရှုနိုင်စွမ်းမရှိ၍ လေ့ကျင့်ရေးဌာန၌ မှားယွင်းသောလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း ကိုရီးယားသိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ လီဆန်မွန်က ပြောကြားသည်။

မေတ္တာရပ်

ယင်းအတွက် ရုရှားနိုင်ငံက အာကာသယာဉ်မှူးကို လဲလှယ်ပေးရန် တောင်ကိုရီးယားနိုင်ငံသို့ မေတ္တာရပ်ခံခဲ့သည်ဟု ဆိုသည်။

သွားရောက်မည်

မစ္စစ်ရီသည် ဧပြီလဆန်းတွင် ရုရှားအာကာသယာဉ်မှူး နှစ်ဦးနှင့်အတူ နိုင်ငံတကာ အာကာသစခန်းသို့ ခုနစ်ရက် သို့မဟုတ် ရှစ်ရက်ကြာခရီးအဖြစ် သွားရောက်မည်ဖြစ်သည်။

(အင်တာနက်)

ကက်စထရို၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ တရုတ်ဘာသာဖြင့်ထုတ်ဝေ

ပေကျင်း မတ် ၁၁

ကျူးဘားခေါင်းဆောင်ဟောင်း ကက်စထရို၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ စာအုပ်ကိုတရုတ်ထိပ်တန်း မီဒီယာအကြံပေးအဖွဲ့က မကြာသေးမီက တရုတ်ဘာသာဖြင့် ထုတ်ဝေလိုက်သည်။

တွေ့ဆုံမေးမြန်း

ကက်စထရို၏ ကိုယ်ရေးအတ္ထုပ္ပတ္တိသည်စပိန်သတင်းစာဆရာ အက်နာစီယိုရာမိုနက်နှင့် ကက်စထရိုတို့၏ နာရီ ၁၀၀တွေ့ ဆုံမေးမြန်းခန်းနှင့် လီမွန်ဒီ ဒစ်ပလိုမက်တစ် သတင်းစာ၏ အယ်ဒီတာချုပ်တို့ ရေးသားသော ကိုယ်ရေးအတ္ထုပ္ပတ္တိတို့ကို အခြေခံပြီး ထုတ်ဝေထားခြင်း ဖြစ်သည်။

ပြန်ဆို

စပိန်ဘာသာဖြင့် ထုတ်ဝေထားသော အဆိုပါစာအုပ်ကို တရုတ်လူမှုရေးသိပ္ပံကျောင်းရှိလက်တင်အမေရိက လေ့လာရေးဌာနက တရုတ်ဘာသာသို့ ပြန်ဆိုပေးခဲ့သည်ဟုဆိုသည်။

ထုတ်ဝေ

စပိန်နိုင်ငံတွင် ယခင်က ကက်စထရို၏အကြောင်းကို အင်္ဂလိပ်နှင့် ပြင်သစ်ဘာသာတို့ဖြင့်လည်း ထုတ်ဝေခဲ့သည်။ တရုတ်ဘာသာဖြင့် ထုတ်ဝေသော အတ္ထုပ္ပတ္တိစာအုပ်တွင် ကက်စထရို၏ တော်လှန်ရေးသမားဘဝ၊ ကျူးဘားဒုံးပျံကြိုးပမ်းမှု၊ လက်တင်အမေရိက၏ ပထဝီနိုင်ငံရေး၊ အမေရိကန်၊ တရုတ်ကဲ့သို့သော အင်အားကြီးနိုင်ငံများနှင့် ကျူးဘားနိုင်ငံတို့၏ နိုင်ငံခြားဆက်ဆံရေးနှင့် မျက်မှောက်ခေတ်ကျူးဘားနိုင်ငံစသောကဏ္ဍများဖြင့် ဝေဝေဆာဆာဖြစ်အောင် တည်းဖြတ်ထုတ်ဝေထားသည်။

အာဏာအပ်နှင်း

ကက်စထရိုသည် ကျန်းမာရေးအခြေအနေအရ ပြီးခဲ့သည့်လက ညီဖြစ်သူ ရာအူးလ်ကက်စထရိအား အာဏာအပ်နှင်းထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မူးယစ်ဆေးဝါး ဂိုဏ်းခေါင်းဆောင် ကိုလံဘီယာ နယ်စပ်၌ဖမ်းဆီး

ကရာကတ် မတ် ၁၁

ဗင်နီဇွဲလားအာဏာပိုင်များသည် မူးယစ်ဆေးဝါးနှင့် လက်နက်မှောင်ခိုသံသယရှိသည့် ထိပ်တန်းခေါင်းဆောင်တစ်ဦးကို ဖမ်းဆီးလိုက်ကြောင်း ဗင်နီဇွဲလား ရုပ်မြင်သံကြားက မတ်၉ရက်၌ သတင်းထုတ်လွှင့်ခဲ့သည်။

ဗင်နီဇွဲလားအမျိုးသားအစောင့်တပ်က ဟာမာဂိုရက်ဂွန်ဇာလက်ဇ်အမည်ရှိ အဆိုပါ မူးယစ်ဆေးဝါး မှောင်ခိုခေါင်းဆောင်အား မတ်၈ရက်က ကိုလံဘီယာ နယ်စပ်အနီး၌ ဖမ်းဆီးလိုက်ကြောင်း ရုပ်မြင်သံကြားက ထုတ်လွှင့်ခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါးခေါင်းဆောင်သည် နှစ်စဉ်အမေရိကသို့ မူးယစ်ဆေးဝါးတန်ချိန် ကိုးတန်တင်ပို့ ရောင်းချသည်ဟူသော စွပ်စွဲချက်ဖြင့် ဆုကြေးငွေ ဒေါ်လာငါးသန်းပေးမည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားသူ ဖြစ်သည်။ ဂွန်ဇာလက်ဇ်သည် ဥရောပမှ လက်နက်များကို ကိုလံဘီယာရှိ ပြောက်ကျားများအား ဗင်နီဇွဲလားမှတစ်ဆင့် မှောင်ခိုတင်ပို့ ရောင်းချပေးနေသူဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ဘဝအမောပြေ

မတ်တပ်ပဲရပ်ပါ့မယ် ....

ကျောင်းဆရာတစ်ဦးက သူကိုယ်တိုင် ထုလုပ်ခဲ့သော ရုပ်တုတစ်ခုကို စားပွဲပေါ်၌ တင်ထားကာ ကျောင်းသားများအား မေးမြန်းလေသည်။

ကျောင်းဆရာ ။ ။ဒီရုပ်တုလက်ရာအပေါ် မင်းတို့အမြင်တွေ ပြောရမယ်။ ကဲ...ဂျော်နီ ထပြီးပြောပါဦး။

ဂျော်နီ ။ ။ဘာရုပ်တုမှန်းကို မသိပါဘူးဆရာ။

ကျောင်းဆရာ ။ ။မသိရင် အတန်းအပြင်ထွက်၊ မတ်တပ်ရပ်။ ကဲ...ဆန်နီ ထပြီးပြော။

ဆန်နီ ။ ။ကျွန်တော် မတ်တပ်ပဲ ရပ်လိုက်ပါ့မယ် ဆရာ။

ကျောင်းဆရာ ။ ။"ဟေ"

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ယာဉ်ကြောပိတ်ဆို့

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပွားနေသည်ကို မတ် ၇ရက်က ဤသို့တွေ့ရသည်။ (အိုလံပစ်အားကစားပွဲတော် ကျင်းပစဉ်အတွင်း လေထုညစ်ညမ်းမှုမဖြစ်ရန် အချို့သောကားများကို သွားလာမှု ပိတ်ပင်ထားမည်ဖြစ်သည်။)

(အင်တာနက်ဓာတ်ပုံ)

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

- ဘရာဇီးနိုင်ငံအနောက်ပိုင်း ပင်တာနယ်မြို့ကမ်းလွန်၌ မတ် ၁၀ရက်က စက်လှေတစ်စင်း နစ်မြုပ်ခဲ့ရာ ကိုးဦးပျောက်ဆုံးလျက်ရှိသည်။

- **ဘင်္ဂလားဒေ့ရှ်မြောက်ပိုင်း ရိုင်ဘင်ဟာခရိုင် ချာပရာကျေးရွာအနီးတွင် လွှန်ခဲ့သောအေဒီကိုးရာစု ဗိဿနိုးရုပ်တုတစ်ခုကို မတ် ၁၀ရက်က သုတေသနပညာရှင်များ ရှာဖွေတွေ့ရှိခဲ့သည်။**

- ဟွန်ဒူးရပ်စ်နိုင်ငံ တီဂူစီဂါလ်ပါမြို့အနီးတွင် မတ်၁၀ရက်က တောမီးလောင်ကျွမ်းမှု ဖြစ်ပွားရာ ခုနစ်ဦး သေဆုံးခဲ့သည်။

- **တရုတ်နိုင်ငံ ဟေဘေးပြည်နယ်တွင် မတ်၁၀ရက်က ကုန်တင်ကားတစ်စီးနှင့် ဆလွန်းကားတစ်စီးတို့ ခေါင်းချင်းဆိုင်တိုက်မိရာ ၁၀ဦး ပွဲချင်းပြီး သေဆုံးခဲ့သည်။**

- ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့၌ မတ်၁၀ရက်က ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုတွင် ဝန်ချီစက်ပြုတ်ကျမှုကြောင့် တစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

- **ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့မြောက်ဘက် မိုင်၇၀အကွာ ကျေးရွာတစ်ရွာအနီး မတ်၁၀ရက်က မြေမြှုပ်မိုင်းပေါက်ကွဲမှု ဖြစ်ပွားရာ သုံးဦးသေဆုံးခဲ့သည်။**

- ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ကမ်းခြေ၌မတ် ၁၀ရက်က ရေကူးနေသူတစ်ဦးအား ငါးမန်းတစ်ကောင်ကိုက်ခဲ့မှုကြောင့် ဝဲဘက်ဒူးအောက်ပိုင်း ပြတ်သွားခဲ့သည်။

- **အမေရိကန်နိုင်ငံ ကနေဒီအာကာသယာဉ် လွှတ်တင်ရေးစခန်းမှ မတ် ၁၁ရက်က အင်ဒီဗား အမည် ရှိ အာကာသ ယာဉ်ကို နိုင်ငံတကာ အာကာသယာဉ် စခန်းသို့ လွှတ်တင်လိုက်သည်။**

(ဝဲပုံ)

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ ၁၁-၃-၂၀၀၈

ဟောင်ကောင်နှင့်မကာအိုအကြား တံတားတည်ဆောက်မည်

တရုတ်နိုင်ငံ ဟောင်ကောင်နှင့် မကာအိုအကြား ဆက်သွယ်မည့် တံတားတည်ဆောက်မည် ဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

အဆိုပါတံတား တည်ဆောက်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၅ဒသမ၉ ဘီလီယံ အကုန်အကျခံ တည်ဆောက်မည်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက် ပြောကြားသည်။

ဘာဒါဝီအား ဝန်ကြီးချုပ်အဖြစ်မှနုတ်ထွက်ပေးရန် မဟာသီတိုက်တွန်း

မလေးရှားနိုင်ငံ၌ ရွေးကောက်ပွဲများ ပြီးဆုံးခဲ့ပြီဖြစ်ရာ ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်ပေးရန် မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီမိုဟာမက်က ဝန်ကြီးချုပ်ဘာဒါဝီအား တိုက်တွန်းလိုက်သည်။

အဗ္ဗဒူလ်အာမက်ဘာဒါဝီ၏ အမျိုးသားတပ်ဦးပါတီက ပါလီမန်ရွေးကောက်ပွဲ၌ အနိုင်ရရှိပြီးနောက် အစိုးရပြန်လည်ဖွဲ့စည်းရာတွင် ဘာဒါဝီ ပြန်လည်တာဝန်ယူမှုအပေါ် မဟာသီမိုဟာမက်က ဝေဖန်ခြင်းဖြစ်သည်။

နျူကလီးယားကိစ္စ အီရန်နှင့်အီးယူဆွေးနွေးမည်

အီရန်နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ဥရောပသမဂ္ဂ (အီးယူ)နှင့် ဆွေးနွေးမှုပြန်လည်ပြုလုပ်မည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီး မာနူချာမိုတာကီက ပြောကြားသည်။

မိမိတို့အနေဖြင့် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) က ချမှတ်ထားသည့်မူဘောင်အတွင်းမှ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုသွားရေး ဆွေးနွေးမည်ဟု ၎င်းကဆက်လက်ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်၌ ကြက်ငှက်တုပ်ကွေးပျံ့နှံ့

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ပျံ့နှံ့မှုကြောင့် သုတ်သင်ရှင်းလင်းခဲ့ရသော ကြက်ငှက်အကောင်ပေါင်းမှာ ၁ဒသမ၂၅သန်းခန့်ရှိကြောင်း ဘင်္ဂလားဒေ့ရှ်အရာရှိများက ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုမှာ ခရိုင်ပေါင်း ၆၇ ခရိုင်မှ ၆၄ ခရိုင်အထိ ရှိလာခဲ့ပြီဟုဆိုသည်။

သီရိလင်္ကာမြောက်ပိုင်း၌ တိုက်ပွဲများဖြစ်ပွား

သီရိလင်္ကာနိုင်ငံမြောက်ပိုင်း၌ တမီးလ်ကျားသူပုန်များနှင့် အစိုးရတပ်ဖွဲ့များ တိုက်ပွဲဖြစ်ပွားကြောင်း သီရိလင်္ကာအရာရှိများက ပြောကြားသည်။

တိုက်ပွဲဖြစ်ပွားသည့် နေရာမှာ မင်နာခရိုင်မြောက်ပိုင်းတွင် ဖြစ်ပြီး တမီးလ်ကျားသူပုန် ၁၂ဦးသေဆုံးခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

စွမ်းအင်သစ်ရှာဖွေရေး အေပက်သဘောတူညီ

အာရှ-ပစိဖိတ် စီးပွားရေးဖိုရမ်(အေပက်)အဖွဲ့ဝင်နိုင်ငံများက စွမ်းအင်သစ်များ ရရှိနိုင်ရေး နည်းပညာများနှင့် သုတေသနလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ရန် သဘောတူညီလိုက်ကြသည်။

ပီရူးနိုင်ငံ လီမာမြို့၌ ကျင်းပသည့် အဆိုပါ အစည်းအဝေးသို့ အေပက်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်ပေါင်း ၁၀၅ဦး တက်ရောက်၍ စွမ်းအင်သစ်ရှာဖွေရေး နည်းလမ်းများ ဆွေးနွေးခဲ့ကြသည်။ ထိုသို့ဆွေးနွေးရာ၌ ရေ၊ လေနှင့် အခြားစွမ်းအင်ရရှိနိုင်သမျှ နည်းလမ်းများ ရှာဖွေကြရန် သဘောတူညီခဲ့ကြသည်။

ဆွစ်ဇာလန်၌ နှစ်စဉ် လက်နက်များပျောက်ဆုံးနေ

ဆွစ်ဇာလန်စစ်ဘက်တွင် နှစ်စဉ်လက်နက်များ ပျောက်ဆုံးမှု သို့မဟုတ် ခိုးယူမှုခံနေရကြောင်း ဆွစ်ဇာလန်စစ်ဘက်အရာရှိများက ပြောကြားသည်။

အချို့လက်နက်များမှာ ဆွစ်ဇာလန်တပ်ဖွဲ့ဝင်များ၏ နေအိမ်များ၌ ပျောက်ဆုံးခဲ့ခြင်းဖြစ်ပြီး နှစ်စဉ် သေနတ်အလက်ပေါင်း ၄၃၀ခန့်ရှိကြောင်း ၎င်းတို့က ပြောကြားသည်။

လက်ဘနွန်နှင့် ပါလက်စတိုင်းတို့အား အီရန် နှင့် ဆီးရီးယားကူမည်

ဆီးရီးယားနှင့် အီရန်နှစ်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများက ပါလက်စတိုင်းနှင့် အစ္စရေးကိစ္စအပါအဝင် လက်ဘနွန်အကျပ်အတည်းများကို တွေ့ဆုံဆွေးနွေးကြကြောင်း ဆီးရီးယားအရာရှိများက ပြောကြားသည်။

လက်ဘနွန်နှင့် ပါလက်စတိုင်းကိစ္စရပ်များ၌ မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးရေးအတွက်လည်း သဘောတူညီမှုရရှိခဲ့သည်။

ဘဝဒဿန အမြင်

* ***Slow to argue but quick to act .***

ငြင်းခုံရာ၌ ဖင့်နွှေးစေပြီး လုပ်ဆောင်ရာ၌ မြန်ဆန်ပါစေ။

သောမတ်စ်ဟာဒီ
(ဝတ္ထုနှင့်ကဗျာရေးဆရာ)

* ***Life has taught me to think , but thinking has not taught me how to live.***

တွေးတောဆင်ခြင်တတ်ရန် ဘဝက သင်ကြားပေးသော်လည်း မည်သို့မည်ပုံ နေထိုင်ရမည်ကိုမူ သင်ကြားပေးမည်မဟုတ်ပေ။

အလက်ဇန္ဒားဟာဇန်
(ရုရှားစာရေးဆရာ)

ထရီနီဒက်နှင့် တိုဘာဂိုနိုင်ငံ

သတင်းအက်ဆေး

ထရီနီဒက်နှင့် တိုဘာဂိုနိုင်ငံသည် ကာရစ်ဘီယံဒေသတွင် တည်ရှိသည်။ ကြီးမားသော ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်များ ပိုင်ဆိုင်ထားသည့်အတွက် ကာရစ်ဘီယံဒေသမှ အချမ်းသာဆုံးနိုင်ငံများစာရင်းတွင် ဤနိုင်ငံပါဝင်နေသည်။ နိုင်ငံ့စီးပွားရေးတွင် ရေနံနှင့်ဓာတ်ငွေ့ ထုတ်ယူသုံးစွဲမှုသည် အဓိက ကဏ္ဍမှ ပါဝင်သည်။

အာဖရိကနှင့် အိန္ဒိယမျိုးနွယ်စုများ အဓိကနေထိုင်အခြေချသည့်ကျွန်းနှစ်ကျွန်း ပေါင်းစပ်ထားသော ဤနိုင်ငံ၏ တစ်ဦးချင်းဝင်ငွေမှာ လက်တင်အမေရိက၏ ပျမ်းမျှတစ်ဦးချင်းဝင်ငွေထက် ပိုမိုသည်။ အမေရိကန်နိုင်ငံသို့ အများဆုံးတင်ပို့သည့် သဘာဝဓာတ်ငွေ့သည် ဝင်ငွေအဓိက ရှာပေးနေသည့် ရေနံကို ကျော်လွန်သွားလိမ့်မည်ဟု မျှော်မှန်းရသည်။

ကြွေးမြီထု

ရေနံအပေါ်မှီခိုနေသည့်ဤနိုင်ငံမှာ ကမ္ဘာ့ရေနံဈေးနှုန်းအတက်အကျဒဏ်ကိုမူ ထုံးစံအတိုင်းခံရသည်။ ၁၉၈၀ ပြည့်နှစ်များနှင့် ၁၉၉၀ ပြည့်လွန်နှစ်များပထမပိုင်းတွင် ရေနံဈေးနှုန်းထိုးကျသဖြင့် နိုင်ငံခြားကြွေးမြီထုပြောခြင်း၊ အလုပ်လက်မဲ့ဦးရေများပြားခြင်းနှင့် အလုပ်သမား မငြိမ်သက်ခြင်းများ ကြုံရသည်။

ဒေသတွင်းအခြားနိုင်ငံများနှင့်နှိုင်းယှဉ်ကြည့်ပါက ဤနိုင်ငံသည် ကိုကင်းသယ်ယူပို့ဆောင်ဖြတ်သန်းရာဌာနဖြစ်လာကာ မူးယစ်ဆေးနှင့်တကွ ယင်းနှင့်ပတ်သက်သော အကြမ်းဖက်မှုများပေါ်ပေါက်လာသည်။

ထို့ကြောင့် နိုင်ငံတကာက ဖိအားပေးသည့်ကြားမှပင် ဤနိုင်ငံအစိုးရက ၁၉၉၉ခုနှစ်တွင် သေဒဏ်ပြန်လည်ပြဋ္ဌာန်းလာရသည်။ သေဒဏ်စီရင်မှုအမြန်အကောင်အထည်ဖော်ရေးတွင် နှောင့်နှေးကြန့်ကြာကာ အတားအဆီးဖြစ်နေသော ဘုရင့်အတိုင်ပင်ခံကောင်စီဖြစ်သည့် ဗြိတိသျှ ပရီဗီကောင်စီကို အစားထိုးရန် ဤနိုင်ငံ၌ ကာရေဘီယံဒေသဆိုင်ရာ တရားရုံးကို ထူထောင်လိုက်သည်။

ခရစ္စတိုဖာကိုလံဘတ်စ်က ထရီနီဒက်ကျွန်းကို ၁၄၉၈ ခုနှစ်တွင် တွေ့ရှိသည်။ ၁၇၉၇ ခုနှစ်တွင် ဗြိတိန်က မသိမ်းပိုက်မီအထိ ဤကျွန်းကို စပိန်တို့အုပ်ချုပ်ခဲ့သည်။ တိုဘာဂိုကျွန်းကို ဥရောပအင်အားကြီးနိုင်ငံတို့က သူတို့ ရထိုက်သည်ဟုဆိုကာ လက်ဆင့်ကမ်း အုပ်ချုပ်ခဲ့သည်။ ၁၈၀၂ခုနှစ်တွင် ထရီနီဒက်ကို ဗြိတိသျှတို့လက်သို့ စပိန်ကထိုးအပ်ပြီး၊ ၁၈၁၄ ခုနှစ်တွင် တိုဘာဂိုကို ဗြိတိသျှတို့လက်သို့ ပြင်သစ်က ထိုးအပ်လိုက်သည်။

၁၈၃၄ ခုနှစ်တွင် ကျွန်စနစ်ကို ပယ်ဖျက်သည်။ အိန္ဒိယမှ အလုပ်သမားများကို ကြံစိုက်ပျိုးရေးလုပ်ငန်းအတွက် ငှားရမ်းခေါ်ဆောင်ခဲ့သည်။ ၁၈၈၉ ခုနှစ်တွင် ဤကျွန်းနှစ်ကျွန်းကို ဗြိတိသျှ၏ တစ်ခုတည်းသော ကိုလိုနီလက်အောက်ခံ နယ်အဖြစ်ပေါင်းစည်းလိုက်သည်။ ၁၉၄၅ ခုနှစ်တွင် အရွယ်ရောက်သူတိုင်း မဲပေးခွင့် ပြဋ္ဌာန်းသည်။ ၁၉၅၆ ခုနှစ်တွင် အမျိုးသားရေးဝါဒီ အဲရစ်ဝီလျံက ပြည်သူ့အမျိုးသားလှုပ်ရှားမှု(ပီအင်န်အမ်) ပါတီကို ထူထောင်သည်။

၁၉၅၈ ခုနှစ်တွင် ထရီနီဒက်-တိုဘာဂိုသည် ဗြိတိသျှ ကမကထပြုသည့် အနောက်အိန္ဒိယဖက်ဒရေးရှင်းသို့ ဝင်ရောက်သည်။ ၁၉၅၉ ခုနှစ်တွင် ဗြိတိန်က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးသည်။ အဲရစ်ဝီလျံသည် ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၆၂ ခုနှစ်တွင် အနောက်အိန္ဒိယဖက်ဒရေးရှင်းမှ ထွက်သည်။ ထရီနီဒက်-တိုဘာဂိုလွတ်လပ်ရေးရရှိသည်။ ဝီလျံသည် ဤနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် တာဝန်ယူသည်။ ၁၉၆၇ ခုနှစ်တွင် ဤနိုင်ငံက အမေရိကနိုင်ငံများအသင်း (အိုအေအက်စ်)သို့ ဝင်ရောက်သည်။

ရပ်ဆိုင်း

၁၉၆၈ ခုနှစ်တွင် ဤနိုင်ငံက ကာရစ်ဘီယံဒေသမှ အင်္ဂလိပ်စကားပြောနိုင်ငံများနှင့်အတူ ကာရစ်ဘီယံလွတ်လပ်စွာကုန်သွယ်ရေးဇုန် ဖွဲ့စည်းသည်။ ၁၉၇၃ခုနှစ်တွင်ယင်းအဖွဲ့ကို ကာရစ်ဘီယံဘုံဈေးအဖွဲ့ဖြင့် အစားထိုးလိုက်သည်။

၁၉၇၅ ခုနှစ်တွင် ရေနံ၊ ကြံလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် လျှပ်စစ်ကဏ္ဍအလုပ်သမားများ၏ သပိတ်မှောက်မှုကြောင့် စီးပွားရေးလည်ပတ်မှု ရပ်ဆိုင်းသွားခဲ့ရသည်။

၁၉၇၆ ခုနှစ်တွင် သမ္မတနိုင်ငံဖြစ်လာသည်။ ဘုရင်ခံချုပ်ဟောင်း အဲလစ်ကလပ်က သမ္မတ၊ အဲရစ်ဝီလျံက ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၈၆ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အာသာရော်ဘင်ဆင်ဦးဆောင်သည့် တိုဘာဂိုအခြေစိုက် အမျိုးသားပြန်လည်တည်ဆောက်ရေး မဟာမိတ်အဖွဲ့ (အင်န်အေအာရ်) ပါတီက အနိုင်ရသည်။ ၁၉၈၇ ခုနှစ်တွင် နူးရ်ဟက်ဆန်နာလီ သမ္မတဖြစ်လာသည်။ ၁၉၉၁ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပီအင်န်အမ်ပါတီ အနိုင်ရပြီး ပက်ထရစ်မန်နင်းဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် အိန္ဒိယမျိုးနွယ်များကို အခြေခံသည့် ညီညွတ်သော အမျိုးသားကွန်ဂရက် (ယူအင်န်စီ) ပါတီ နှင့် အင်န်အေအာရ် ပါတီတို့က ညွန့်ပေါင်းအစိုးရဖွဲ့သည်။ ပန်ဒေးဝန်ကြီးချုပ်ဖြစ် လာသည်။ ၂၀၀၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ



အပြီးတွင် ပန်ဒေးသည် နောက်ထပ် ဝန်ကြီးချုပ်သက်တမ်းအတွက် တာဝန်ပေးခြင်းခံရပြန်သည်။

ရွေးကောက်ပွဲ

၂၀၀၁ခုနှစ် ဒီဇင်ဘာ အထွေထွေရွေးကောက်ပွဲတွင် အာဏာရပါတီနှင့် အတိုက်အခံတို့ အမတ်နေရာ ၁၈နေရာစီရရှိကာ အရှုံးအနိုင်မရှိ အားပြိုင်နေခဲ့သည်။ ၂၀၀၂ခုနှစ် ဧပြီလတွင် ဝန်ကြီးချုပ်ပက်ထရစ်မန်နင်းက ပါလီမန်ဖျက်သိမ်းရန် မေတ္တာရပ်ခံသည်။ ၂၀၀၂ခုနှစ် အောက်တိုဘာလတွင် သုံးနှစ်အတွင်း တတိယမြောက် အထွေထွေရွေးကောက်ပွဲကျင်းပသည်။ ဝန်ကြီးချုပ်ပက်ထရစ်မန်နင်း၏ အာဏာရ ပီအင်န်အမ်ပါတီအနိုင်ရပြီး ၂၀၀၃ခုနှစ်မတ်လတွင် မက်ဝဲရစ်ချတ်သမ္မတဖြစ်လာသည်။ ၂၀၀၇ခုနှစ် နိုဝင်ဘာ အထွေထွေရွေးကောက်ပွဲတွင် အာဏာရပီအင်န်အမ်ပါတီ အနိုင်ရခဲ့သည်။ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလတွင် မက်ဝဲရစ်ချတ်သမ္မတအဖြစ် ဒုတိယအကြိမ် ရွေးချယ်တင်မြှောက်ခံရသည်။ သူ့အစိုးရမှာ ရေနံဓာတုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုအများအပြားကို ဆွဲဆောင်နိုင်မှုနှင့် ဆင်းရဲမွဲတေမှု လျှော့ပါးရေး စဉ်ဆက်မပြတ် အကောင်အထည်ဖော် အောင်မြင်မှုတို့အတွက် ပြည်သူတို့၏ ယုံကြည်လက်ခံမှုကို ရယူနိုင်ခဲ့သည်။

အာဖရိကနွယ်ဖွားများကို အခြေပြုထူထောင်ထားသည့် သူ၏ပီအင်န်အမ်ပါတီသည် ၁၉၅၆ခုနှစ်တွင် စတင်ဖွဲ့စည်းကတည်းက ယခုအချိန်အထိ ၁၁နှစ်မှအပ အာဏာရပါတီအဖြစ် ခိုင်မာစွာရပ်တည်လျက်ရှိသည်။ ။

(ကိုးကား-အင်တာနက်) **တိုး-ရေးသားသည်**

မစ္စစ္စပီပြည်နယ် အကြိုရွေးကောက်ပွဲ ကျင်းပ မက်ကိန်းနှင့်တွဲရမည့်ဒုတိယသမ္မတ ရှာဖွေနေဆဲ

ဝါရှင်တန် မတ် ၁၁

ဒီမိုကရက်တစ်ပါတီမှ ဟီလာရီနှင့် အိုဘားမားတို့ နှစ်ဦးအဖို့ မတ်၁၁ရက် (အင်္ဂါနေ့)၌ ကျင်းပသည့် မစ္စစ္စပီပြည်နယ် အကြိုရွေးကောက်ပွဲမှာ အရေးကြီးသည့် ယှဉ်ပြိုင်မှုတစ်ခု ဖြစ်သည်။

ရီပတ်ဘလီကင် ပါတီမှ ရွေးကောက်ထားသော ဂျွန်မက်ကိန်း။

မစ္စစ္စပီပြည်နယ် အကြိုရွေးကောက်ပွဲမှ ဒီမိုကရက်တစ်ပါတီ ညီလာခံအတွက် ကိုယ်စားလှယ်စုစုပေါင်း ၃၃ဦး တက်ရောက် ဆန္ဒမဲပေးခွင့်ရှိသည်။ မဲရေတွက် အပြီးတွင် အိုဘားမားနှင့် ဟီလာရီ မည်သူက မည်မျှရ၍ မည်သို့ ခွဲဝေရယူသည်ကို သိရမည် ဖြစ်သည်။

ရီပတ်ဘလီကင် ပါတီမှ ရွေးကောက်ပွဲကိုယ်စားလှယ် ဂျွန်မက်ကိန်း အနေဖြင့်မူ သမ္မတရွေးကောက်ပွဲတွင် သူ့အမည်နှင့်အတူ ဒုတိယသမ္မတလောင်း နေရာ၌ မည်သူ့ကိုရွေးချယ်ရမည်ဆိုသောကိစ္စမှာ အရေးတကြီး ကိစ္စတစ်ခု ဖြစ်သည်။

ဒုတိယသမ္မတ နေရာအတွက် လူရွေးချယ်ရာတွင် သမ္မတဖြစ်သူ၏ ဟာကွက် ပျော့ကွက်ကို ဖြည့်ဆည်းပေးနိုင်မည့်သူကို ရွေးချယ်လေ့ရှိသည်။ ထို့ပြင် ဒေသအလိုက် စည်းရုံးရေး ခိုင်မာမှုကိုလည်း ထည့်သွင်းစဉ်းစားလေ့ရှိသည်။

အတွေ့အကြုံရှိ

ထို့ကြောင့် အသက်ငယ်ရွယ်ပြီး အတွေ့အကြုံ အတန်အသင့်သာရှိသူ သမ္မတဂျွန်အက်ဖ်ကနေဒီက အမေရိကန် ကွန်ဂရက်တွင် နှစ်ပေါင်း ၂၃ ကြာ ကျင်လည်ခဲ့သူ တက္ကဆက်ပြည်နယ်မှ ဂျွန်ဆင်ကို ဒုတိယသမ္မတ အဖြစ် တွဲဖက်ခဲ့သည်။

ရွေးကောက်ပွဲဝင်

တစ်ဖန် သမ္မတဟောင်း ဂျော့ အိတ်ချ်ဒဗလျူဘုရှ်က ဒုတိယသမ္မတအဖြစ် အင်ဒီယားနား ပြည်နယ်မှ အထက်လွှတ်တော်အမတ် ဒန်ကွေးလေးကို တွဲဖက်၍ ရွေးကောက်ပွဲဝင်ခဲ့ဖူးသည်။

၁၉၈၂ခုနှစ်တွင် သမ္မတဘီလ်ကလင်တန်က သူ့လို ငယ်ရွယ်သည့် တောင်ပိုင်း ပြည်နယ်သား အယ်လ်ဂိုးကို ဒုတိယသမ္မတအဖြစ် တွဲဖက်ကာ ရွေးကောက်ပွဲ ဝင်ခဲ့သည်ကို တွေ့နိုင်သည်။

အသက်အကြီးဆုံးဖြစ်

အသက်အရွယ်ကြီးပြီ ဖြစ်သော အရီဇိုးနားပြည်နယ် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းသည် သမ္မတအဖြစ် ရွေးချယ်ခံရပါက အသက်အကြီးဆုံး သမ္မတဖြစ်လာမည်ဖြစ်သည်။

အနိုင်ရ

ဂျွန်မက်ကိန်းနှင့်အတူ ဒုတိယသမ္မတ အမည်စာရင်းတင်သွင်းခံရမည့်သူများ အနက် လက်ရှိအနေအထား၌ ဖလော်ရီဒါပြည်နယ်မှ အုပ်ချုပ်ရေးမှူး ချာလီခရစ်က ထိပ်ဆုံးမှ ပြေးနေသည်။ ဖလော်ရီဒါပြည်နယ်သည် မဲထည့်ရာတွင် ပြောင်းလဲတတ် သဖြင့် မက်ကိန်းပင် အနိုင်ရစေမည်ဖြစ်သည်။ အခြားလူငယ်အုပ်ချုပ်ရေးမှူးများတွင် မစ္စစ္စပီ အုပ်ချုပ်ရေးမှူး ဟာလီဘာဘာနှင့် တောင်ကယ်ရိုလိုင်းနားပြည်နယ် အုပ်ချုပ်ရေးမှူး မတ်စန်ဖို့တို့လည်း စဉ်းစားရမည့် ဒုတိယ သမ္မတလောင်းများ ဖြစ်သည်။ **(အင်တာနက်)**

ရေခဲပြင်ပေါ် သောင်တင်သည့် တံငါသည် ၇၇၅ ဦး ရဟတ်ယာဉ်များဖြင့်ကယ်ဆယ်နိုင်ခဲ့

မော်စကို မတ် ၁၁

ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ မျောပါသွားသော ရေခဲပြင်ပေါ် သောင်တင်နေသည့်တံငါသည် ၇၇၅ဦးတို့ကို ရုရှားရဟတ်ယာဉ်များက မတ်၉ရက် တွင် ကယ်ဆယ်လိုက်သည်။

အပျော်ငါးဖမ်းထွက်

ရုရှားနိုင်ငံအရှေ့ဖျား ဆာခါလင် ကျွန်းပတ်ဝန်းကျင် ရေခဲပြင်သို့ သွားရောက်ငါးဖမ်းကြရာမှ ထိုသို့မျောပါ သွားခြင်း ဖြစ်သည်။ ရေခဲပြင်သို့ ဆောင်းရာသီတွင် ယင်းသို့ အပျော် ငါးဖမ်းထွက်ကြသည်။

ယူဆောင်သွား

ငါးမျှားကြိုး၊ ရေခဲကိုဖောက်ရန် လွန်ပူတို့အပြင် ထိုင်စောင့်ရန် ခွေးခြေတို့ကိုယူသွားတတ်ကြသည်။ ရေခဲထုကို လွန်ပူနှင့်ဖောက်ပြီး ထိုအပေါက်မှ ငါးမျှားကြိုးသွင်းကာ ခွေးခြေပေါ် ထိုင် စောင့်ကြရသည်။ ရုရှား ဗော့ဒ်ကါ အရက်လည်း ယူဆောင်သွားတတ်ကြသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ကင်းလှည့်နေသော ကန်တပ်ဖွဲ့ဝင်ငါးဦး ဘဂ္ဂဒက်၌ အသေခံဗုံးခွဲတိုက်ခိုက်ခံရ

ဘဂ္ဂဒက် မတ် ၁၁

ဘဂ္ဂဒက်မြို့၌ မတ် ၁၀ရက်က ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင် ငါးဦး အသေခံဗုံးခွဲတိုက်ခိုက်ခံရ၍ သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ဖော်ပြ

ယင်းဗုံးခွဲတိုက်ခိုက်မှုတွင် အခြားတပ်ဖွဲ့ဝင်သုံးဦးနှင့် အီရတ်စကားပြန် တစ်ဦးလည်း ဒဏ်ရာရရှိသွားကြောင်း စစ်ဘက်ကြေညာချက်၌ ဖော်ပြသည်။

တိုက်ခိုက်မှုဖြစ်

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုသည် ပြီးခဲ့သည့်နွေရာသီက အမေရိကန် တပ်ဖွဲ့ဝင်များ တိုးမြှင့်ချထားပြီးနောက် အသေအပျောက် အများဆုံးသော တိုက်ခိုက်မှုဖြစ်သည်။

အီရတ်ကို ၂၀၀၃ ခုနှစ်က အမေရိကန်တို့ ကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက် အီရတ်၌ သေဆုံးသော အမေရိကန် တပ်ဖွဲ့ဝင် ဦးရေမှာ ၄၀၀၀နီးပါး ရှိလာပြီ ဖြစ်ကြောင်း အမေရိကန် စစ်ဘက်ကြေညာချက်တွင် ဖော်ပြသည်။

(အင်တာနက်)

အမေရိကန်နိုင်ငံ ဝယ်လင်တန်မြို့၌ မတ်၈ရက်က ဓာတ်ငွေ့ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ မီးသတ်သမားများ မီးငြိမ်းသတ်နေသည်ကို တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

မလေးရှား ဝန်ကြီးချုပ် ဘာဒါဝီ ဒုတိယငါးနှစ်သက်တမ်း ကျမ်းသစ္စာကျိန်ဆို

ကွာလာလမ်ပူ မတ် ၁၁

မလေးရှားနိုင်ငံ၌ ပါလီမန် ရွေးကောက်ပွဲများ မတ် ၈ရက်က ကျင်းပပြီး နှစ်ရက်ကြာ မတ်၁၀ရက်၌ လက်ရှိဝန်ကြီးချုပ်အဗ္ဗဒူလာ အာမက်ဘာဒါဝီက နောက်ထပ် ငါးနှစ်သက်တမ်းအတွက် ကျမ်းသစ္စာ ကျိန်ဆိုလိုက်ပြီ ဖြစ်သည်။

ကျမ်းသစ္စာကျိန်ဆို

အဆိုပါ ကျမ်းသစ္စာကျိန်ဆိုပွဲသို့ မလေးရှား လက်ရှိ ဒုတိယဝန်ကြီးချုပ် နာဂျက်ရာဇက်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများလည်း တက်ရောက်ခဲ့ကြသည်။

ထမ်းဆောင်နိုင်

မလေးရှားဝန်ကြီးချုပ် ဘာဒါဝီသည် အသက် (၆၈)နှစ်ရှိပြီ ဖြစ်ပြီး သူ၏ အမျိုးသားတပ်ဦးပါတီက ပါလီမန်ရွေးကောက်ပွဲ၌ အမတ် ၂၂၂ နေရာ၌ အမတ် ၁၄၀ရရှိခဲ့သည့် အတွက် ယခုကဲ့သို့ ငါးနှစ် သက်တမ်း ထပ်မံ၍ ဝန်ကြီးချုပ် တာဝန်ထမ်းဆောင်နိုင်ခြင်း ဖြစ်သည်။ **(အင်တာနက်)**

ရေနံစိမ်း တစ်စည်တန်ဖိုး ၁၀၈ ဒေါ်လာအထိမြင့်တက်

အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ရေနံချက်စက်ရုံကို ဤသို့တွေ့ရသည်။
(အင်တာနက်ဓာတ်ပုံ)

နယူးယောက် မတ် ၁၁

ကမ္ဘာ့ရေနံဈေးနှုန်းသည် ရင်းနှီးမြှုပ်နှံသူများက တန်ဖိုးကျဆင်းနေသော အမေရိကန်ဒေါ်လာကို ကာမိစေရန် ရေနံကို အလုအယက်ဝယ်ယူနေကြသဖြင့် ရေနံဈေးမှာ အဆမတန်မြင့် တက်လာသည်။

နယူးယောက် ရေနံစိမ်းဈေးကွက်တွင် မတ် ၁၀ ရက်က တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၈ ဒေါ်လာအထိ ဈေးမြင့်တက်လာကြောင်း အင်တာနက်တွင် သတင်းဖော်ပြသည်။

အမေရိကန် ငွေကြေးတန်ဖိုး ကျဆင်းနေချိန်တွင် ရင်းနှီးမြှုပ်နှံသူများက ရေနံနှင့် ရွှေတုံးများကို အပြိုင်အဆိုင် ဝယ်ယူလာကြသည်။

တန်ဖိုးကျ

ဖေဖော်ဝါရီ ၇ ရက်တွင် အမေရိကန်အလုပ်သမားဦးစီးဌာနက အလုပ်သမားများ လျှော့ချမည့် အစီရင်ခံစာကြောင့်လည်း ဒေါ်လာတန်ဖိုးကျဆင်းမှုကို ထိခိုက်စေခဲ့သည်ဟုဆိုသည်။

တင်ပို့ရောင်းချ

ရေနံတင်ပို့ရောင်းချသော နိုင်ငံများ (အိုပက်)အဖွဲ့ကြီးက ပြီးခဲ့သည့် သီတင်းပတ်က ရေနံများလက်ရှိထုတ်လုပ်နေသည့်ပမာဏထက် တိုးမထုတ်ပေးနိုင်ကြောင်း ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ခဲ့ခြင်းကြောင့်လည်းရေနံတန်ဖိုးမြင့်တက်ခဲ့ရသည်ဟု ဆိုသည်။ (အင်တာနက်)

အဝတ်အစားများကို ထိုးဖောက်မြင်နိုင်သည့် ကင်မရာများ မကြာမီ ဈေးကွက်များသို့ ရောက်ရှိလာတော့မည်

လန်ဒန် မတ် ၁၁

ဖောက်ခွဲရေးပစ္စည်းများ၊ မူးယစ်ဆေးဝါးများနှင့်လက်နက်များ ခန္ဓာကိုယ်အတွင်း လျှို့ဝှက်၍ယူဆောင်လာလျှင် အဝတ်အစားများကို ထိုးဖောက်ကာ ၂၅ မီတာအကွာမှ ဓာတ်ပုံရိုက်ယူနိုင်သော ကင်မရာ အမျိုးအစားသစ်တစ်မျိုးကို ဒီရုဗစ်ရှင်စစ္စတန်ကုမ္ပဏီက တီထွင်ထုတ်လုပ်လိုက်ပြီ ဖြစ်သည်။ ယင်းကင်မရာကို ကွန်ပျူတာဖြင့် ချိတ်ဆက်အသုံးပြုထားသည်။ (အောက်ပုံ)

ယင်းကင်မရာကို လေဆိပ်များ၊ မီးရထားဘူတာများနှင့် အများပြည်သူများဝင်ထွက်သွားလာရာဒေသများ၌ ထားရှိနိုင်မည်ဖြစ်သည်။

အသုံးပြု

၎င်းကင်မရာကို တာရာဟတ်သို့မဟုတ် တီရေးဟုခေါ်ဆိုပြီး နက္ခတ္တဗေဒပညာရှင်များ အသုံးပြုသည့် နည်းပညာကို အသုံးပြုထားသည်။

မြင်နိုင်

ယင်းကင်မရာသည် အဝတ်အစားများကို ထိုးဖောက်လျက် ခန္ဓာကိုယ်အတွင်းဝှက်ထားသော ပစ္စည်းများကိုသာ မြင်နိုင်မည်ဖြစ်သော်လည်း ခန္ဓာကိုယ် အသေးစိတ်ကို မြင်နိုင်မည် မဟုတ်ဟု ဆိုသည်။

ကင်မရာကို အလွတ်တကူ သယ်ဆောင်သွားနိုင်ပြီး လာမည့်သီတင်းပတ်တွင် လန်ဒန်မြို့နည်းပညာပြပွဲ၌ ရောင်းချပေးသွားမည်ဖြစ်ကြောင်း ကုမ္ပဏီပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

(အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

အကြိုတ်အနယ်ယှဉ်ပြိုင်ရမည့် အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲ ဘန်စလေနှင့် ကာဒစ်ဖ်၊ ပို့စ်မောက်နှင့် ဝက်စ်ဘရွန်းတွေ့ပြီ

လန်ဒန် မတ် ၁၁

ပရီမီယာလိဂ် ထိပ်သီးအသင်းကြီးကို အနိုင်ရပြီး အကြိုဗိုလ်လုပွဲ တက်ရောက်လာသော ဘန်စလေအသင်းသည် ၎င်း၏ နောက်လိုက် ချန်ပီယံရှစ်အသင်းဖြစ်သည့် ကာဒစ်ဖ်အသင်းနှင့် အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲ ကစားရမည်ဖြစ်သည်။

ချယ်လ်ဆီးနှင့် ဘန်စလေအသင်းတို့ ဤသို့အကြိုယ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ (အင်တာနက်ဓာတ်ပုံ)

အကြိုဗိုလ်လုပွဲတက်

ဝက်စ်ဘရွန်းအသင်းသည် ပရီမီယာလိဂ်မှ ပို့စ်မောက်နှင့်ကစားရမည်ဖြစ်သည်။ ဘန်စလေအသင်းသည် လက်ရှိချန်ပီယံ ချယ်လ်ဆီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး တက်လာသကဲ့သို့ ကာဒစ်ဖ်အသင်းသည်လည်း မစ်ဒယ်ဘရော့အသင်းကို နှစ်ဂိုးပြတ်ဖြင့်အနိုင်ရပြီး အကြိုဗိုလ်လုပွဲတက်ရောက်ခဲ့ခြင်း ဖြစ်သည်။

ယှဉ်ပြိုင်ကစား

အဆိုပါ အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲစဉ်များကို ဧပြီ ၅ ရက်နှင့် ၆ ရက်တို့တွင် ဝင်ဘလေကွင်းကြီး၌ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာသော အသင်းလေးသင်းတွင် မိမိ၏ ဘန်စလေအသင်းသည် အကောင်းဆုံးအသင်း ဖြစ်ကြောင်း၊ ယခုနှစ်ရာသီ၏ အက်ဖ်အေဖလားကို ဆွတ်ခူးနိုင်မည်ဖြစ်ကြောင်း နည်းပြ ဆီမွန်ဒါဗီးက ပြောကြားသည်။

ဘန်စလေအသင်းသည် ပဉ္စမအကျော့တွင် အင်န်ဖီးကွင်း၌ လီဗာပူးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့မှု၊ ချယ်လ်ဆီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့မှုများသည် ဘန်စလေအသင်း၏ တောင့်တင်းခိုင်မာမှုကို ပြသလိုက်ခြင်းပင် ဖြစ်ကြောင်း ဆီမွန်ဒါဗီးက ဆက်လက်ပြောကြားသည်။

ဘန်စလေအသင်းသည် ချန်ပီယံရှစ်ပြိုင်ပွဲတွင် တန်းဆင်းဇုန်အထက် လေးမှတ်အသာဖြင့် ရပ်တည်နေသော်လည်း ၁၉၈၂ခုနှစ်နောက်ပိုင်း အက်ဖ်အေဖလား ပြိုင်ပွဲ အကြိုဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

ကာဒစ်ဖ်နည်းပြ

မိမိ၏ ကာဒစ်ဖ်အသင်းသည် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခြင်းမှာ ကြီးမားသော အောင်မြင်မှုရရှိခြင်းပင် ဖြစ်ကြောင်း ကာဒစ်ဖ်နည်းပြ ဒေးဗီးဂျုံးစ်က ပြောကြားသည်။

အဓိကပြိုင်ပွဲကြီးနှစ်ရပ်တွင် ရလဒ်များကောင်းခဲ့၍ ယုံကြည်မှုများ တိုးလာကြောင်း၊ မစ်ဒယ်ဘရော့အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းသည် ကာဒစ်ဖ်အသင်း၏ခြေစွမ်းကို ပြသလိုက်ခြင်းပင်ဖြစ်ကြောင်း နည်းပြဂျုံးစ်က ဆက်လက်ပြောကြားသည်။

အောင်မြင်မှု

ကာဒစ်ဖ်အသင်းသည် ၁၉၂၇ ခုနှစ်က အက်ဖ်အေဖလားကို ဆွတ်ခူးခဲ့ပြီးနောက် ယခုနှစ်ရာသီတွင် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခြင်းသည် ကြီးမားသော အောင်မြင်မှုတစ်ရပ်ပင် ဖြစ်သည်ဟု နည်းပြက ဆိုသည်။

ဝက်စ်ဘရွန်းနည်းပြ

ဝက်စ်ဘရွန်းအသင်းသည် ဟာရီရက်နက်၏ ပို့စ်မောက်အသင်းကို ယှဉ်ပြိုင်ရန် အကောင်းဆုံး ပြင်ဆင်သွားမည် ဖြစ်ကြောင်း၊ ပို့စ်မောက်အသင်း၏ တောင့်တင်းခိုင်မာမှုကို လေးစားပါကြောင်း၊ သို့သော်လည်း မိမိ၏ အသင်းက စိန်ခေါ်ယှဉ်ပြိုင်ရန် အသင့်ရှိကြောင်း ဝက်စ်ဘရွန်းနည်းပြ တိုနီမော်ဘရေးက ပြောကြားသည်။

ဝက်စ်ဘရွန်း အသင်းသည် ကွာတားဖိုင်နယ်ပွဲတွင် ဘရစ်စတောရိဗာအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် နိုင်ပြီး အကြိုဗိုလ်လုပွဲသို့တက်ရောက်လာခြင်း ဖြစ်သည်။

ပို့စ်မောက်

ပို့စ်မောက်အသင်းသည် အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်သည့် အသင်းလေးသင်းတွင် တစ်သင်းတည်းသော ပရီမီယာလိဂ်အသင်း ဖြစ်သည်။ လက်ရှိခြေအနေထားအရ ဖလားဆွတ်ခူးရန် အလားအလာ အကောင်းဆုံး ဖြစ်သည်။

ကံကောင်း

မန်ယူနှင့် ကွာတားဖိုင်နယ်တွင် ကစားစဉ် မန်ယူဂိုးသမား အထုတ်ခံရခြင်း၊ ပယ်နယ်တီဖြင့် နိုင်ခြင်းတို့ကလည်း ယခုနှစ် အက်ဖ်အေဖလားပြိုင်ပွဲတွင် ဟာရီရက်နက် ကံကောင်းနေခြင်း ဖြစ်သည်။

ဆွတ်ခူးမည်

သို့ရာတွင် ပို့စ်မောက်တို့ ဂိုးပြတ်သွင်း အောင်ပွဲခံပြီး တက်လာသော ဝက်စ်ဘရွန်းကို အနိုင်ရရန် လွယ်မည်မဟုတ်ပေ။ အကယ်၍ ပို့စ်မောက်တို့ ဝက်စ်ဘရွန်းကိုနိုင်ပြီး ဗိုလ်လုပွဲသို့ တက်ကာ ဖလားဆွတ်ခူးနိုင်ခဲ့လျှင် ၁၉၃၉ခုနှစ်နောက်ပိုင်း ပထမဆုံး အက်ဖ်အေဖလားကို ဆွတ်ခူးနိုင်လိမ့်မည် ဖြစ်သည်။ ။ **(အင်တာနက်)**

မြင့်မောင်စိုး
စုစည်းသည်

ကမ္ဘာတစ်လွှား ထူးထူးခြားခြား



ဒူးရင်းသီး ဒီဇိုင်း

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် တရုတ်အမျိုးသားတစ်ဦးက မတ်၁၀ရက်၌ ပြုလုပ်ထားသော ခဲတံအချောင်းပေါင်း ငါးထောင်ခန့်ဖြင့် ပြုလုပ်ထားသည့် ဒူးရင်းသီးပုံ တစ်ခု၏ ဒီဇိုင်းအလှကို ဤသို့တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ကွတ်ကီးများဖြင့် ပြုလုပ်ထားသော မုန့်မျှော်စင်

အမေရိကန်နိုင်ငံ အကာဒီးရာမြို့၌ မတ်၁၀ရက်က အမြင့် ၅ပေ၇ လက်မရှိသော ကွတ်ကီးကိတ်မုန့်မျှော်စင် အဆောက်အအုံတစ်ခု ပြုလုပ်ခဲ့ရာ ကွတ်ကီးမုန့် ၂၀၀၀၀ခန့်ကို အသုံးပြုခဲ့သဖြင့် ကမ္ဘာ့အမြင့်ဆုံး မုန့်မျှော်စင် အဆောက်အအုံအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ သတ်မှတ်ခံရသည်။

(အင်တာနက်ဓာတ်ပုံ)

အင်တာနက် သတင်းအတိုအထွာ

❒ **မန်ယူနည်းပြ ဖာဂူဆန်သည် ဂိုးသမားဘင်ဖော်စတာအား ကိုဗင်ထရီအသင်းသို့ အငှားချထားရန် ဆွေးနွေးလျက်ရှိသည်။**

● ရိန်းဂျားအသင်းသည် နွေရာသီအပြောင်းအရွှေ့တွင် ဝက်စ်ဟမ်း ဘယ်နောက်ခံလူ မက်ကာနေးကို ခေါ်ယူမည်ဆိုသည်။

❒ **နယူးကာဆယ်နည်းပြ ကီဗင်ကီးဂန်းသည် ဘော်လ်တန်ဂိုးသမား ဂျာစကီလိုင်နင်ကို ခေါ်ယူရန် ဆက်သွယ်ခဲ့သည်။**

● အာဆင်နယ်ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်က ၎င်း၏ ဘောလုံးသမားဘဝတွင် နည်းပြအာစင်ဝင်းဂါးသည် အကောင်းဆုံးဖြစ်ကြောင်း ပြောကြားသည်။

❒ **ချယ်လ်ဆီးအသင်းသည် အက်ဖ်အေဖလားပြိုင်ပွဲတွင် ဘန်စလေအသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် နိုင်ပွဲမရခဲ့ပါက နည်းပြဂရန့်အနေဖြင့် အသင်းမှ ထွက်ခွာရဖွယ်ရှိသည်။**

● လီဗာပူး ဖက်စပ်ပိုင်ရှင် ဂျော့ဂီလက်သည် ဒူဘိုင်းနိုင်ငံတကာစီးပွားရေးလုပ်ငန်းစုသို့ ရှယ်ယာ၏ ၄၉ ရာခိုင်နှုန်း ရောင်းချရန် သဘောတူခဲ့သည်။

❒ **စပါးနည်းပြ ဂျူးအန်ဒီရာမို့စ်သည် နွေရာသီတွင် အသင်း၏ ကစားသမားဒါရင်ဘင့်နှင့် ချင်ဘွန်ဒါတို့၏နေရာတွင် အစားထိုးရန် ပေါင် ၁၀ သန်းတန် ရီးရဲဇာရာဂိုဇာတိုက်စစ်မှူး မီလီတိုနှင့် ဂီတာဖေးခံစစ်မှူး ကာတာဒိုင်ယက်ဇ်တို့ကိုခေါ်ယူရန် စီစဉ်နေသည်။**

● ဆန်းဒါးလန်းနည်းပြရွှင်းကိန်းသည် အသက်၂၀သာ ရှိသေးသော လိဒ်အသင်း ခံစစ်မှူး မားကွတ်စ်အား ပေါင်နှစ်သန်းဖြင့် ခေါ်ယူရန် စီစဉ်နေသည်။

အာကြီးတို့ ပရီမီယာလိဂ်ဖလား ဆွတ်ခူးနိုင်ပါ့မလား

လန်ဒန် မတ် ၁၁

ပရီမီယာလိဂ်ပွဲစဉ်(၂၉)ကစားပြီးတဲ့အချိန်အထိ ပရီမီယာလိဂ်ဖလားကို ဘယ်အသင်းဗိုလ်စွဲသွားမလဲဆိုတာ သေချာတပ်အပ် မပြောနိုင်သေးတဲ့ အနေအထားဖြစ်နေပါတယ်။

အကြိုတ်အနယ်

တန်းစီဇယားထိပ်ဆုံးမှာ အာဆင်နယ်နဲ့ မန်ယူတို့ သူတစ်ပြန် ကိုယ်တစ်ပြန် တစ်လှည့်စီဦးဆောင်နေပြီး ပရီမီယာလိဂ်ဖလား ရရှိရေးအတွက် အကြိုတ်အနယ် ကြိုးစားရန်းကန်နေကြရပါတယ်။ ဒီနှစ်ပရီမီယာလိဂ်မှာတော့ အာကြီးနဲ့မန်ယူ တစ်သင်းသင်း ဗိုလ်စွဲမယ်ဆိုတာ တဖြည်းဖြည်းနဲ့ ရုပ်လုံးပေါ်လာတဲ့ အနေအထားတော့ ရှိနေပြီ ဖြစ်ပါတယ်။

အာကြီးရဲ့ အနေအထားကို ကြည့်ရင် ပရီမီယာလိဂ်မှာ လက်ရှိအချိန်အထိ ၂၉ပွဲ ကစားပြီးတဲ့ အချိန်မှာ ၁၉ ပွဲနိုင်၊ ကိုးပွဲသရေ၊ တစ်ပွဲရှုံး ရလဒ်တွေပိုင်ဆိုင်ထားပါတယ်။ အဝေးကွင်း၊ အိမ်ကွင်းရလဒ်တွေကို ကြည့်ရင် အာကြီးဟာ အိမ်ကွင်းမှာ ၁၅ ပွဲကစား၊ ၁၂ ပွဲနိုင်၊ သုံးပွဲသရေနဲ့ ရှုံးပွဲလုံးဝမရှိပါဘူး။ အဝေးကွင်းမှာတော့ ခုနစ်ပွဲနိုင်၊ ခြောက်ပွဲသရေ၊ တစ်ပွဲရှုံး ရလဒ်တွေကို ပိုင်ဆိုင်ထားပါတယ်။

ဒီရလဒ်ကိုကြည့်ရင် အာကြီးဟာ အိမ်ကွင်း၊ အဝေးကွင်းမှာ ပုံမှန် ခြေစွမ်းပြနိုင်တဲ့အသင်းဖြစ်သလို ဂိုးသွင်းစွမ်းရည်မှာလည်း ၂၉ ပွဲ ကစားပြီးချိန်မှာ စုစုပေါင်း ၅၇ ဂိုး သွင်းယူထားနိုင်ပါတယ်။ အာကြီးမှာ အဓိက ဂိုးသွင်းသူတွေက တိုက်စစ်မှူးအဒီဘာယောနဲ့ ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်တို့ဖြစ်တာမို့ တစ်ဘက်အသင်းကို အချိန်မရွေး ဂိုးသွင်းနိုင်ကြသူတွေပါပဲ။

"ပရီမီယာလိဂ်ဖလားဟာ အာဆင်နယ်အတွက်ဖြစ်"
အာစင်ဝင်းဂါး

မျှတ

ဒါ့အပြင် အာကြီးရဲ့ခံစစ်ကြောင်းက ခိုင်မာတောင့်တင်းမှု ရှိပါတယ်။ ကွင်းလယ်မှာ လူငယ်ကစားသမားတွေဟာ ကစားအားမချဘဲ တောက်လျှောက် ပွဲချိန်ပြည့် ကစားနိုင်ပြီး ခံစစ်၊ တိုက်စစ် မျှတမှုရှိအောင်လည်း ဟန်ချက်ညီညီ ကစားနိုင်ကြပါတယ်။

အာကြီးရဲ့ လက်ကျန်ပွဲတွေကြည့်ရင် ပွဲစဉ်(၃၀)အတွက် အိမ်ကွင်းမှာ မစ်ဒယ်ဘရော့နဲ့ကစားရမှာဖြစ်သလို ပွဲစဉ်(၃၁)အဖြစ်အဝေးကွင်းမှာ ချယ်လ်ဆီးနဲ့လည်း ကစားရဦးမှာပါ။ ဒီနှစ်ပွဲမှာ အာကြီးတို့ အမှတ်ပြည့်ရနိုင်ဖို့ သိပ်မလွယ်ပါဘူး။ ပွဲစဉ်(၃၂)က ဘော်လ်တန်ကို အိမ်ကွင်းမှာ ကစားရမယ့်အနေအထားကလည်း သိပ်တော့ပွဲမချောင်ပါဘူး။ ပွဲစဉ်(၃၃)ကတော့ အိမ်ကွင်းမှာ အာဆင်နယ်ဟာ လီဗာပူးနဲ့ကစားရမှာမို့ ရမှတ်အဖိတ်အစင် ရှိနိုင်သလို အကြိုတ်အနယ် နွှဲရဦးမှာပါ။ ပွဲစဉ်(၃၄)အဖြစ် မန်ယူကွင်းမှာ အာကြီးတို့ ကစားရမယ့်ပွဲကတော့ ပရီမီယာလိဂ်ရဲ့ အခက်အခဲဆုံးပွဲ ဖြစ်ပါလိမ့်မယ်။ ဒီပွဲဟာ ပရီမီယာလိဂ်ဖလား အတွက် အဆုံးအဖြတ်သဖွယ် ပွဲဖြစ်နေသည့်အတွက်ကြည့်ကောင်းမယ့်ပွဲ ဖြစ်မှာပါ။

ပွဲစဉ်(၃၅)မှာ အာကြီးအိမ်ကွင်းမှာ ရက်ဒင်းနဲ့ကစားရမှာမို့ ဒီပွဲက အာကြီးတို့ နိုင်ပွဲရသွားမှာပါ။ ပွဲစဉ်(၃၆)အဖြစ် ဒါဘီနဲ့ကစားရမယ့်ပွဲကတော့ အာကြီးတို့သုံးမှတ်အပြည့် ရနိုင်တဲ့ပွဲပါပဲ။ ဒါဘီတို့ တန်းမဆင်းရရေး ခံကစားနိုင်ပေမယ့် ဘယ်လိုမှထူးခြားမလာတော့တဲ့အနေအထားမို့ အာကြီးတို့ပဲ အနိုင်ကို သိမ်းပိုက်သွားမှာပါ။

ပွဲစဉ်(၃၇)မှာ အာကြီးက အဲဗာတန်နဲ့ အိမ်ကွင်းမှာရင်ဆိုင်ရပါလိမ့်မယ်။ အိမ်ကွင်းမှာ ကစားရမယ့် အဲဗာတန်ကို သရေပွဲဖြစ်အောင်မနည်းရုန်းကန်ရမှာ သေချာပါတယ်။ ဒီပွဲစဉ်က အာကြီးတို့ကံကောင်းမှ တစ်မှတ်ရမယ့်အနေအထားရှိပေမယ့် အဲဗာတန်တို့ကလည်း နောက်ဆုံးလေးသင်း စာရင်းဝင်ဖို့ ခံကစားမှာ ဖြစ်ပါတယ်။

အဖြေထုတ်

ပွဲစဉ်(၃၈)မှာ ဆန်းဒါးလန်းနဲ့ ကစားရမယ့်ပွဲကတော့ အာကြီးတို့ အမှတ်ပြည့်ရမယ့်ပွဲပါ။ ဒါကြောင့် လက်ရှိ၂၉ပွဲကစားပြီးချိန်မှာ လက်ကျန် ကိုးပွဲအတွက် အာကြီးတို့ အမှတ်၂၀ လောက်ရဖို့ ဆိုတာခက်ခဲတဲ့ပုစ္ဆာ တစ်ပုဒ်ကို အဖြေထုတ်ရသလိုပါပဲ။ လက်ရှိခြေစွမ်းအရ သရေပွဲများလာတဲ့ အာကြီးတို့ဟာ လက်ကျန် ကိုးပွဲမှာ ပရီမီယာလိဂ်ချန်ပီယံဖြစ်ဖို့ နိုင်ပွဲတွေ လိုအပ်နေပါတယ်။ ဒီလိုနိုင်ပွဲတွေရရှိဖို့ ပန်းအဝင်မှာ သက်လုံကောင်းပြီး ခြေအတက်အကျမှန်ဖို့တော့ လိုအပ်နေပေမယ့် အာစင်ဝင်းဂါးကတော့ ဒီနှစ် ပရီမီယာလိဂ်ဖလားဟာ အာဆင်နယ် အတွက်ပဲ ဖြစ်တယ်လို့ ပြောနေတာကြောင့် လက်တွေ့မှာ ဘယ်လိုအဖြေထွက်လာ မလဲဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါကြောင်း။ ။

မောင်မောင်မြင့်ဆွေ

မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးရှင်သန်ရေးနှင့် သရုပ်ဆောင်သစ်ပေါ်ထွက်ရေး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက သရုပ်ဆောင်သင်တန်းဖွင့်လှစ်မည်

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၁

မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ဖို့အတွက်နဲ့ အမြဲတမ်း ရှင်သန်နေဖို့မှာ ရုပ်ရှင်သရုပ်ဆောင်တွေရဲ့ကဏ္ဍကလည်း အဓိကနေရာက ပါဝင်နေပါတယ်။ မြန်မာ့ရုပ်ရှင်လောကမှာ သရုပ်ဆောင်သစ်တွေ ရှားပါးလာနေတာမို့ ဒီလိုအပ်ချက်ကို ဖြည့်ဆည်းပေးတဲ့အနေနဲ့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ရုပ်ရှင်သရုပ်ဆောင်သင်တန်းကို ဖွင့်လှစ်ပေးတော့မှာ ဖြစ်ပါတယ်။

အဲဒီသရုပ်ဆောင်သင်တန်းနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ-၁ ဖြစ်တဲ့ ဒေါ်မြင့်မြင့်ခိုင်နဲ့ မြန်မာ့အလင်း သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

ရည်ရွယ်ချက်

အခုဖွင့်လှစ်တော့မယ့် ရုပ်ရှင်သရုပ်ဆောင်သင်တန်းနဲ့ ဖွင့်လှစ်ရတဲ့ ရည်ရွယ်ချက်ကိုမေးတဲ့အခါ ဒေါ်မြင့်မြင့်ခိုင်က "မြန်မာ့ရုပ်ရှင်လောကမှာ သရုပ်ဆောင်သစ်တွေ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ဝိုင်းဝန်းကူညီဖြည့်ဆည်းပေးတဲ့သဘောပါ၊ အရင်ကတည်းက မြန်မာနိုင်ငံ ရုပ်ရှင်နှင့် ပြဇာတ်အစည်းအရုံး၊မြန်မာနိုင်ငံ ရုပ်ရှင်ကောင်စီ၊အခု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး စတဲ့ အမည်တွေပြောင်းခဲ့ပေမယ့် သရုပ်ဆောင် သင်တန်းတွေ သူ့ခေတ်သူ့အချိန်တွေမှာ ဖွင့်လှစ်ပေးခဲ့တာချည်းပါပဲ။ မြန်မာနိုင်ငံရဲ့ ရုပ်ရှင်လောက အတွက် အောင်မြင်တဲ့ သရုပ်ဆောင်တွေ၊ ထူးချွန်တဲ့ သရုပ်ဆောင်တွေကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက မွေးထုတ်ပေးနိုင်ခဲ့တဲ့ အစဉ်အလာကောင်းတွေကို ဆက်လက် အကောင်အထည်ဖော်ခြင်းလည်း ဖြစ်ပါတယ်" လို့ ရှင်းပြပါတယ်။

သင်တန်းကာလ

မကြာမီဖွင့်လှစ်တော့မယ့် ရုပ်ရှင်သရုပ်ဆောင် သင်တန်း အမည်နဲ့ လျှောက်လွှာပိတ်ရက်၊ သင်တန်းသားလက်ခံနိုင်မယ့် အရေအတွက်များနှင့် ပတ်သက်ပြီး "ဒီသင်တန်းကို ၁/၂၀၀၈ သရုပ်ဆောင်သင်တန်း"လို့ အမည်ပေးထားပြီး အခု မတ်၁၇ရက်မှာ လျှောက်လွှာပိတ်ပါတော့မယ်။ သင်တန်းမှာ လက်ခံမှာက သင်တန်းသား၃၀နဲ့ သင်တန်းသူ၃၀တို့ဖြစ်ပါတယ်။ မတ်၁၇ရက်နောက်ပိုင်းမှာ လျှောက်ထားတဲ့သူတွေကို လူရွေးချယ်မှုပြုလုပ်ပြီး မတ်လနောက်ဆုံးသီတင်းပတ်လောက်မှာ သင်တန်းစဖွင့်မှာပါ။ သင်တန်းကာလက ရက်ပေါင်း၉၀ ဖြစ်ပါတယ်"လို့ ဒေါ်မြင့်မြင့်ခိုင်က မြန်မာ့အလင်းကို ပြောပြပါတယ်။

ဒီသင်တန်းကိုတက်ဖို့အတွက် လျှောက်လွှာတင်တဲ့အခါ မှတ်ပုံတင်နဲ့ သန်းခေါင်စာရင်းမိတ္တူ၊ လိုင်စင်ဓာတ်ပုံသုံးပုံ၊ မိဘအုပ်ထိန်းသူရဲ့ သဘောတူခွင့်ပြုကြောင်းထောက်ခံစာ၊ ရပ်ကွက်မှာနေထိုင်ကြောင်း ထောက်ခံစာ၊ ရဲစခန်းက ၁၅ရက်အတွင်း အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာ စတဲ့ အချက်အလက်တွေနဲ့အတူ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကို လျှောက်လွှာတင်ရမှာ ဖြစ်ပါတယ်။

ဒီသင်တန်းကိုတက်ရောက်သင်ကြားမယ့်ဆရာတွေနဲ့ပတ်သက်ပြီး ဒေါ်မြင့်မြင့်ခိုင်က "ဆရာဦးမြင့်သိန်းဖေက သရုပ်ဆောင်နဲ့ စက်မှုပိုင်းဆိုင်ရာ ပညာရပ်၊ ဦးညွန့်ဝင်းက သရုပ်ဆောင်နဲ့ အမှုအရာသဘောထား၊ ဦးမြင့်စိုး(ဝ/သ)က မှတ်တမ်း၊ မှတ်ရာနဲ့ လူမှုဆက်ဆံရေး၊ ဦးကြည်စိုးထွန်းက သရုပ်ဆောင်နှင့်ဒါရိုက်တာသဘောထား၊ ဒေါ်မြင့်မြင့်ခိုင်က သရုပ်ဆောင်နဲ့ အမူအရာ၊ ဦးအောင်စိုးဦးက သရုပ်ဆောင်နဲ့ ဇာတ်ညွှန်း၊ ဦးချစ်သန်းမြင့်က သရုပ်ဆောင်နဲ့ ရုပ်ရှင်သမိုင်း၊ ဦးဇော်မင်း(ဟံသာမြေ)က တည်းဖြတ်ပညာ၊ ဒေါ်နွဲ့နွဲ့စန်းက သရုပ်ဆောင်နဲ့ သဘင်ပညာ၊ ကိုခန့်စည်သူက သရုပ်ဆောင်နှင့် အမူအရာ သဘောထား၊ အေဝမ်းသိန်းထွဋ်၊ မေသဥ္ဇာဦး၊ မေသန်းနုတို့ကလည်း သရုပ်ဆောင်နဲ့ အမူအရာသဘောထားတွေကို သင်ကြားပေးမှာဖြစ်ပါတယ်။ ဒါ့အပြင် နောက်ထပ် ရုပ်ရှင်အနုပညာရှင် အတတ်ပညာရှင်တွေလည်း ပါဝင်သင်ကြားပေးဖို့ စီစဉ်ထားပါတယ်" လို့ ရှင်းပြပါတယ်။



မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ပြုစုထားသော သရုပ်ဆောင်ပညာ သင်ရိုးညွှန်းတမ်းနှင့် ရုပ်ရှင်သရုပ်ဆောင်သင်တန်း လုပ်ငန်းစီမံချက် လျှောက်လွှာပုံစံတို့ကို ဤသို့တွေ့ရသည်။

သင်ကြားပေးမည်

ဒီသင်တန်းမှာ တက်ရောက်မယ့် သင်တန်းသား၊သင်တန်းသူတွေဟာ သရုပ်ဆောင်မှု ပုံစံအမျိုးမျိုး၊ အမူအရာပညာရပ်တွေဖြစ်တဲ့ အမူအရာ အခြေခံပထမဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်နဲ့ စတုတ္ထအဆင့်တွေကို သင်ယူကြရမှာဖြစ်ပါတယ်။ ဒါ့အပြင် လက်တွေ့လေ့ကျင့်ရေးနဲ့ ပြင်ပလေ့လာရေးအစီအစဉ်တွေလည်း ပါဝင်မှာဖြစ်သလို အမူအရာမလုပ်ရတဲ့ပညာရပ်တွေလည်းသင်ကြားပေးမှာ ဖြစ်ပါတယ်။

ဒါကြောင့် သရုပ်ဆောင်သစ်တွေ မွေးထုတ်ရာမှာ အစဉ်အလာကြီးမားခဲ့တဲ့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ထူးချွန်တဲ့သရုပ်ဆောင်သစ်တွေကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးရဲ့ သင်တန်းခန်းမမှာသင်ကြားပေးတော့မှာ ဖြစ်ပါကြောင်း အနုပညာသတင်း အဖြစ် တွေ့ဆုံမေးမြန်းရေးသားဖော်ပြလိုက်ပါတယ်။ ။

(မြန်မာ့အလင်း)

"ထူးချွန်တဲ့သရုပ်ဆောင်တွေ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက မွေးထုတ်ပေးနိုင်ခဲ့တဲ့ အစဉ်အလာကောင်းကို ဆက်လက်အကောင်အထည်ဖော်ခြင်း ဖြစ်ပါတယ်"

ဒေါ်မြင့်မြင့်ခိုင်
ဒုတိယဥက္ကဋ္ဌ(၁) မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

ရေကြည်သစ် ရေဆေးပန်းချီပြပွဲပြသမည်

ရန်ကုန် မတ် ၁၁

ရေဆေးမြတ်နိုးသောပန်းချီဆရာ၁၉ဦးတို့စုပေါင်း၍ ရေကြည်သစ် ရေဆေးပန်းချီပြပွဲကို Snowflake ပန်းချီပြခန်း၏ ဒုတိယပွဲစဉ် အဖြစ် ၂/၄ စမ်းချောင်းလမ်းနှင့် ရှင်စောပုဘုရားလမ်းထောင့် စမ်းချောင်းမြို့နယ်တွင် ဧပြီ ၁ရက်မှ ၇ရက်အထိ ခင်းကျင်းပြသရန်စီစဉ်လျက်ရှိသည်။

ရေဆေးပန်းချီဆရာများဖြစ်ကြသည့် လှတင်ထွန်း၊ မောင်မောင်သိန်း၊ အောင်သိန်းကြည်ဝင်း(ရန်ကင်း)၊ လှဟန်၊ ကြည်ဝင်း(Today)၊ လွန်းဖေ၊ မြသောင်း၊ တင်အောင်ထိုက်၊ မွန်သက်၊ ဝင်းမြင့်မိုး၊ လှသိန်းအောင်၊ သိန်းမြင့်သိန်း၊ ဇော်ဝင်း(ကြည့်မြင်တိုင်)၊ ကိုမောင်ကျော်သန်း၊ စမ်းချောင်းကိုကိုအောင်၊ နေဝင်းအောင်၊ မောင်ဦး(ပေါင်)၊ စောတင့်ဝေတို့၏ လက်ရာမွန် ရေဆေးပန်းချီကားပေါင်း၉၀ခန့်ကို ယခုနှစ်နွေရာသီကာလတွင် ကြည်နူးဆွတ်ပျံ့ဖွယ် အေးမြသောခံစားမှုရရှိစေရန် လက်စွမ်းပြ ပြသကြမည်ဖြစ်သည်။

Snowflake ပန်းချီပြခန်းသည် အနုပညာရှင်များ၏ ရသပန်းချီလက်ရာမွန်များ၊ ပန်းချီပညာတိုးပွားရေးဟောပြောပွဲများ၊ ဆွေးနွေးသရုပ်ပြပန်းချီရေးဆွဲပွဲများကိုလည်း မဟာသင်္ကြန်ကာလအပြီး နောက်ပိုင်းတွင် ဆက်လက် ကျင်းပသွားရန် စီစဉ်ထားသည်။ Snowflakeပန်းချီပြခန်းနှင့် ပတ်သက်၍ သိလိုသည်များကို ဒေါ်နှင်းနှင်းဦး ဖုန်း-၀၁-၅၁၁၀၇၆၊ ၀၉-၅၀-၁၄၁၅၃၊ ၀၉-၅၀-၄၃၀၈၂တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်အောင်လေးမျက်နှာ မဟာစည်တရားစခန်းပွဲ

ရန်ကုန် မတ် ၁၁

မြန်အောင်မြို့ လေးမျက်နှာမဟာစည်သာသနာ့ရိပ်သာတရားစခန်းပွဲကြီးကို ၁၃၆၉ ခု တပေါင်းလပြည့်ကျော် ၆ရက်(မတ် ၂၇ရက်)ကြာသပတေးနေ့မှစ၍ ဒုလ္လဘရဟန်းခံပွဲ၊ ရှင်ပြုပွဲ၊ သီလရှင်ဝတ်ပွဲနှင့်အတူကျင်းပမည်ဖြစ်ရာ မည်သူမဆို လာရောက် အားထုတ်နိုင်ပါသည်။ ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ မဟာအဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ မဟာစည်နာယကကိုယ်တိုင်ကြွရောက်တရားဟောပြသမည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက မြန်အောင် ဖုန်း-၀၄၄-၅၀၁၈၇ သို့ စုံစမ်းနိုင်သည်။ **(က-ပ)**

မြို့တော်ဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မတ် ၁၁

ကိုဖရန်ကီသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ ဖေဖော်ဝါရီ ၂၀ရက် ညနေ ၄နာရီ၄၅ မိနစ်က ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် ၁၂ ၌ ၁၄၄ ကိုက်အကွာမှ Titleist Prov 1 ဘောလုံးကို Honma Iron No-9 TM 202 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားသည်။ ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော ကိုမျိုးလွင်ဦး၊ ကိုမျိုးအောင်နှင့် ကိုထွဋ်ထွဋ်တို့နှင့်အတူ ကစားလျက်ရှိကြောင်း သိရသည်။ **(က-ပ)**

ယာဉ်မတော်တဆမှုလျော့နည်းပပျောက်ရေး ရှောင်တခင်စစ်ဆေး

ရန်ကုန် မတ် ၁၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာနကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းရုံးခွဲ (ရွာသာကြီး)မှ တိုင်းရုံးခွဲဦးစီးမှူး ဦးကျော်အေးလွင်နှင့်အဖွဲ့သည် ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေးအတွက် မတ် ၆ ရက်က ရန်ကုန်-ပဲခူး အမှတ်(၂) လမ်းမကြီး ဒီဇင်ဘာအိမ်ရာအနီး သွားလာမောင်းနှင်လျက်ရှိသည့် ယာဉ်နှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား သတ်မှတ်လိုင်စင်ဖြင့် မောင်းနှင်ခြင်းရှိ၊ မရှိ၊ သက်တမ်းရှိ၊ မရှိ၊ ရောင်ပြန်၊ ဖောင်းကြွပါရှိခြင်းရှိ၊ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်ခြင်းရှိ၊ မရှိတို့အား ရှောင်တခင် စစ်ဆေးအရေးယူခဲ့ပြီး ပညာပေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

အထက(၃)ကြည့်မြင်တိုင် စုပေါင်းရဟန်းခံရှင်ပြုပွဲကျင်းပမည်

ရန်ကုန် မတ် ၁၁

အထက(၃) ကြည့်မြင်တိုင် ကျောင်းအုပ်ဆရာမကြီး၏ ဦးဆောင်လှူဒါန်းမှု၊ ကျောင်းသား ကျောင်းသူဟောင်းအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မိဘဆရာအသင်းနှင့် စေတနာရှင်များ စုပေါင်းလှူဒါန်းမှုဖြင့် ဒုတိယအကြိမ်မြောက် စုပေါင်းရဟန်းခံ ရှင်ပြုပွဲကို ကျောင်းဝင်းအတွင်းရှိ စကားဖြူခန်းမတွင် ကျင်းပမည်ဖြစ်သည်။

အလှူတော်မင်္ဂလာတွင် ရဟန်း ၂၅ပါး၊ရှင်သာမဏေ ၁၁၈ပါး တို့အား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်၍ ရှင်လှည့်လည်ပွဲကို မတ် ၂၀ရက်(ကြာသပတေးနေ့) နံနက် ၆နာရီတွင် လည်းကောင်း၊ အလှူတော်ရေစက်ချအခမ်းအနားကို မတ် ၂၁ ရက်(သောကြာနေ့) နံနက် ၉နာရီခွဲတွင် လည်းကောင်း ကျင်းပမည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသော ရပ်ဝေးမှ ကျောင်းသား ကျောင်းသူဟောင်းများနှင့် အလှူရှင်များအနေဖြင့် ဒေါ်နှင်းနွယ်အောင်(ကျောင်းအုပ်ဆရာမကြီး) ဖုန်း-၀၁-၂၂၀၃၈၀၊ ဦးမြင့်သန်း(အကျိုးတော်ဆောင်)၊ ဖုန်း-၀၉-၅၁-၀၁၀၉၂၊ ဦးစိုးဝင်း(ကျောင်းသားဟောင်း) ဖုန်း-၀၉-၅၁-၃၂၀၃၆၊ ဦးခင်မောင်လှ(မိဘဆရာ) ဖုန်း-၀၉-၈၀-၂၃၅၇၉၊ တင်ဝင်းလေး(ကြည့်မြင်တိုင်) ဖုန်း-၀၉-၅၀-၅၀၂၈၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

မတ် ၇ ရက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ခရေပင်လမ်း အမှတ် ၂၆ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အငှားယာဉ်လုပ်ငန်းတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးအတွက် အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြပွဲကျင်းပစဉ်။ (က-ပ)

တောင်သာမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် မတ် ၁၁

တောင်သာမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၈ ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ရန်ကုန်မြို့ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီး အာဇာနည်လမ်း အမှတ်(၁)စက်မှုဓမ္မာရုံတွင် မတ် ၃၀ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်ပါသဖြင့် ရန်ကုန်မြို့ရှိ တောင်သာမြို့ မြို့နယ်သူမြို့နယ်သားအသင်းဝင်များရော အသင်းမဝင်ရသေးသူများပါ စုံညီစွာတက်ရောက်ကြရန်နှင့်တက္ကသိုလ်ဝင်တန်းကိုဂုဏ်ထူးဖြင့် အောင်မြင်ကြသော မိသားစုဝင် ကျောင်းသူ ကျောင်းသားများသည် ဦးသန်းအောင် ဖုန်း-၂၉၀၉၁၅၊ ဦးလှမော် ဖုန်း-၂၀၀၈၂၆ တို့သို့ ဆက်သွယ်သတင်းပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

● ရှေ့ဖုံးမှ

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် ဆေးရုံသစ်ရှိ သွားဆေးကုသခန်းမ၌ ခေတ်မီစက်ကိရိယာများ တပ်ဆင်ထားမှု၊ ဆေးသိုလှောင်ခန်း၊ အမျိုးသမီးလူနာ ကုသဆောင်၊ သားဖွားခန်း၊ ခွဲစိတ်ခန်း၊ အမျိုးသားလူနာကုသဆောင်၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

လှူဒါန်း

ဆက်လက်၍ အလှူငွေပေးအပ်ခြင်းအခမ်းအနားကို ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဆေးပဒေသာပင်အတွက် လှူဒါန်းငွေကျပ် ၁၄၆၄၉၂၀၀ နှင့် အလှူရှင်များ၏ လှူဒါန်းငွေကျပ် ၁၁၂၈၅၂၈ ကို လက်ခံသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အလှူရှင်များ လှူဒါန်းသည့် ခွဲစိတ်ခန်းသုံး ပစ္စည်းများဝယ်ယူရန် ငွေကျပ် ၉၄၂၀၀၀၀၊ ဆေးရုံသုံးပစ္စည်းများ ဝယ်ယူရန် ငွေကျပ် ၄၅၆၀၀၃၄ နှင့် အောက်စီဂျင်စက်အတွက် ငွေကျပ် ၂၁၅၀၀၀၀ တို့ကို လက်ခံသည်။

ထို့နောက် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အလှူရှင်များလှူဒါန်းသည့် ECG စက်အတွက် ငွေကျပ် ၁၉၅၀၀၀၀ နှင့် ဆေးရုံသုံးပရိဘောဂများ ဝယ်ယူရန်အတွက် ငွေကျပ် ၅၀၅၀၀၀၀ တို့ကို လက်ခံသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဝန်ကြီးများသည် တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဟုမ္မလင်းမြို့နယ် ပြည်သူ့ဆေးရုံမှာ ယခင်က (၂၅)ခုတင်ဆံ့ ဆေးရုံဖြစ်၍ ယခုအခါ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအဖြစ် နိုင်ငံတော်က ငွေကျပ်သိန်းပေါင်း ၈၂၈၉ သိန်း အကုန်အကျခံ တည်ဆောက်ပေးလိုက်သည့်အတွက် ဟုမ္မလင်းမြို့နယ်နှင့် အနီးတစ်ဝိုက်မြို့နယ်များရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို အဆင့်တိုးမြှင့်ဆောင်ရွက်ပေးနိုင်ပြီ ဖြစ်သည်။

ဆေးပဒေသာပင်

ဟုမ္မလင်းမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် ရန်ပုံငွေကျပ် ၁၆၉ သိန်းကျော်၊ တိုက်နယ်ဆေးရုံ သုံးရုံအတွက် ဆေးပဒေသာပင်ငွေကျပ် ၂၅ သိန်းကျော်စီ၊ ကျေးလက် ကျန်းမာရေးဌာနတစ်ခုအတွက် ငွေကျပ်ငါးသိန်း ထူထောင်ထားပြီးဖြစ်သည်။ ဆေးရုံအတွက် လိုအပ်နေသည့် ပရိဘောဂများ၊ ခွဲစိတ်ခန်းသုံးပစ္စည်းများ၊ ဆေးရုံသုံးပစ္စည်းများနှင့် ရောဂါရှာဖွေရေးသုံးပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၂၃၁ သိန်း လှူဒါန်းရရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်

ရန်ကုန် မတ် ၁၁

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၁၄၊ ၁၅ ရက် (မတ် ၂၀၊ ၂၁ ရက်)တို့တွင် စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ထားသည်။ မတ် ၂၁ ရက် (တပေါင်းလပြည့်နေ့) နံနက်အရုဏ်တွင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ဆွမ်း၊ သစ်သီး၊ မုန့်၊ ပန်း၊ ဆီမီး၊ ရေချမ်းတို့ကပ်လှူကာ ဗုဒ္ဓါဘိသေက အနေကဇာတင်မည်ဖြစ်ပြီး ယင်းနေ့ညနေ ၄ နာရီတွင် ဘုရားအမှူးပြု သံဃာ ၁၀၈ ပါးနှင့် သီလရှင် ၂၉ ပါး စုစုပေါင်း ၁၃၇ ပါးတို့အား ဆွမ်းဆန်စိမ်း လောင်းလှူကြမည် ဖြစ်သည်။

လှူဒါန်းနိုင်

လှူဒါန်းလိုသူများသည် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး ဖုန်း–၀၁–၂၉၀၄၂၅ သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အောင်စကြာဘဒ္ဒန္တ စန္ဒသူရိယ ဓမ္မသဘင်များ

ရန်ကုန် မတ် ၁၁

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာနနာယက (မဟာဓမ္မကထိက ဗဟုဇနဟိတဓရ) ဘဒ္ဒန္တ စန္ဒသူရိယ အောင်စကြာဆရာတော်သည် မတ် ၂၁ ရက်ညတွင် လှိုင်မြို့နယ် (၁၃)ရပ်ကွက် မဟာဆွေလမ်း ဦးစိန်လှိုင်–ဒေါ်သန်းအေးတို့၏ အလှူမဏ္ဍပ်၊ ၂၂ ရက်ညတွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၁၈)ရပ်ကွက် ကျွန်းရွှေမြိုင်လမ်း၊ ၂၃ ရက် ညတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) (၄၂)ရပ်ကွက် ကိုးဘွဲ့ရ သာသနာပြုကျောင်းတိုက်၊ ၂၄ ရက်ညတွင် ကြည့်မြင်တိုင်မြို့နယ် ဈေးကလေးရပ်ကွက် ထီးတန်းအိမ်ရာ၊ ၂၅ ရက်ညတွင် ကျောက်တန်းမြို့နယ် တံတားမြို့ ပုတ္တလုတ်ကျေးရွာ၊ ၂၈ ရက်ညတွင် သုံးခွမြို့နယ် အနောက်ကျေးရွာ ဣစ္ဆာသယ မဟာသိဒ္ဓိရှင် ဇမ္ဗူအေးစေတီ၊ ၃၁ ရက်ညတွင် သာကေတမြို့နယ် ၂/မြောက်ရပ်ကွက် သဒ္ဒါရုံလမ်းမကြီးအနောက်တို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ပြီး အောင်စကြာဆရာတော် ဖုန်း–၀၁–၂၂၄၆၈၁၊ ၀၉–၅၁–၁၈၅၃၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

မဟာဗောဓိစေတီမနောရမသိမ်ကျောင်းအတွက်ငွေလှူဒါန်း

ရန်ကုန် မတ် ၁၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားအနီးရှိ ငါးထပ်ကြီးကျောင်းတိုက် ဒေါ်နုခင်ကျောင်း၌ တည်ဆောက်လျက်ရှိသော မဟာဗောဓိစေတီ မနောရမ လေးထပ်သိမ်ကျောင်းတော်ကြီးအတွက် အလှူရှင် ကွယ်လွန်သူမိဘနှစ်ပါးနှင့်မောင်နှမများအားရည်စူး၍ ဒေါ်တင်တင် အမှတ် ၁၄ မဟူရာလမ်း ကျိုက္ကဆံရပ်ကွက် ဗဟန်းမြို့နယ် ရန်ကုန်မြို့က အလှူငွေကျပ် သုံးသိန်းကို ပဓာနဆရာတော် ဘဒ္ဒန္တ နန္ဒိယထံ ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

အဆိုပါမဟာဗောဓိစေတီ မနောရမ လေးထပ်သိမ်ကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ကုသိုလ်ပါဝင်လှူဒါန်းလိုသူများသည် ဆရာတော် ဘဒ္ဒန္တ နန္ဒိယ ဖုန်း–၀၁–၅၄၀၀၁၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဆေးကုန်သည်အသင်းဝင်များ မလေးရှားနိုင်ငံသို့ထွက်ခွာ

ရန်ကုန် မတ် ၁၁

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပလျက်ရှိသည့် Asia Health Care 2008 Conference & Business Meeting သို့ တက်ရောက်ရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူတို့ ဦးဆောင်၍ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာမျိုးသန့်နှင့် အသင်းဝင် ဦးခင်မောင်ဝင်း၊ ဒေါက်တာစုလှဟန်၊ ဒေါ်ခိုင်ဇာသန့်၊ ဒေါက်တာစန်းလွင်နှင့် ဦးအောင်ဇော်ဝင်းတို့ ပါဝင်သော အဖွဲ့သည် မတ် ၉ ရက်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထက(၂)လမ်းမတော် အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၁

အထက(၂) လမ်းမတော် ကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဆိပ်ကမ်းမြို့နယ် ဝါးတန်းဆိပ်ကမ်းရှိ U Can ရေပေါ်ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

အငြိမ်းစား ဆရာကြီး ဆရာမကြီးများနှင့် အဝေးရောက် ဆရာကြီး ဆရာမကြီးများ အားလုံးဆက်သွယ်ကြရန်နှင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြရန် ဖိတ်ကြားထားသည်။ အလှူငွေနှင့် ပစ္စည်းများ ပါဝင်လှူဒါန်းလိုသည့် ကျောင်းသူ ကျောင်းသားဟောင်းများသည် ကျောင်းအုပ်ကြီး ဦးလေးဆွေ အထက–၂၊ လမ်းမတော် ဖုန်း–၂၂၂၂၅၇၊ ဦးကျင်စိန် ဖုန်း–၀၉–၈၀–၃၀၂၆၁၊ ဒေါ်သန်းသန်းညွန့် ဖုန်း–၂၂၈၁၀၄၊ ၂၄၅၀၉၆၊ ဦးကံကောင်း ဖုန်း–၀၉–၉၉–၂၃၅၂၈၊ ဒေါ်ကြည်ကြည်ဝင်း ဖုန်း–၀၉–၅၁–၃၉၀၈၉၊ ၃၈၀၄၀၁ နှင့် ဦးစိန်ဝင်း ဖုန်း–၂၂၂၂၆၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

မတ် ၉ ရက်က လှိုင်မြို့နယ် (၁၆)ရပ်ကွက်ရှိ မေတ္တာဝါဒီ ဟသံာတ (ပရဟိတ)စာသင်တိုက်ကြီး၏ ပဓာန နာယကဆရာတော်ကြီးအားရည်စူး၍ နှစ်ပတ်လည်ပူဇော်ပွဲနှင့် ကိုးထပ်ကျောင်းဆောင်တိုက် ဓာတ်လှေကားဖွင့်ပွဲ အခမ်းအနားကို အဆိုပါကျောင်းတိုက်၌ကျင်းပရာ ဦးစီးနာယက ဘဒ္ဒန္တ သီလာနန္ဒဆရာတော်က စက်ခလုတ်နှိပ်၍ လည်းကောင်း၊ လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေစန်း၊ နာယက ဗိုလ်မှူးမြင့်သိန်း(ငြိမ်း)နှင့် ကျောင်းတိုက် ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလှထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က–ပ)

ပုလောမြို့နယ်အသင်း(ရန်ကုန်) ဂုဏ်ဝိသိဋ္ဌ ပူဇာသဘင်ကျင်းပမည်

ရန်ကုန် မတ် ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ ဖြင့် သာသနာတော်ဆိုင်ရာ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ပုလောမြို့ အရှေ့ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဝါယာမအား ပုလောမြို့နယ်အသင်း(ရန်ကုန်)မှ မတ် ၂၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အသင်းတိုက်၌ ချီးကျူးပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။ မြို့နယ်သူ/သား၊ အသင်းသူ/သားများ တက်ရောက်ပူဇော်ကြရန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းလိုသူများသည် ဦးမောင်လှ (ဥက္ကဋ္ဌ) ဖုန်း–၅၁၄၉၆၉၊ ဦးဘမြင့်(ဒု–ဥက္ကဋ္ဌ) ဖုန်း–၃၇၈၆၃၇၊ ၆၉၉၄၄၇၊ ဦးကြီးညွန့် (ဒုဥက္ကဋ္ဌ) ဖုန်း–၂၉၆၉၆၂၊ ဦးကျော် (ဒု–ဥက္ကဋ္ဌ) ဖုန်း–၃၈၇၀၈၄၊ ဦးမောင်အုန်း (အတွင်းရေးမှူး) ဖုန်း–၂၂၈၀၃၃၊ ဦးချစ်ထွေး(တွဲဖက်အတွင်းရေးမှူး) ဖုန်း–၇၀၆၁၇၇ နှင့် အသင်းအုပ်ချုပ်ရေးမှူး ဦးကျော်သူ ၂၂၀၃၂၄၊ ၂၂၉၇၇၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

တစ်ချက်တည်းကျင်းဝင်

နေပြည်တော် မတ် ၁၁

မတ် ၉ ရက်က နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားလျက်ရှိသော ဦးတင့်ဆန်း (ACE ကုမ္ပဏီ)သည် ကျင်းအမှတ်(၁၆)တွင် Mizuno Wood-7 ဖြင့် Titleist Pro V-1, No-3 ဂေါက်သီးကို ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားခဲ့သည်။ ထိုအချိန်တွင် ကစားဖော်များဖြစ်သော ဦးရန်ဝင်း၊ ဦးသောင်းစိန်၊ ဦးအုန်းကျော်တို့ ပါဝင်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း စာတမ်းဖတ်ပွဲ

ရန်ကုန် မတ် ၁၁

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း "စွမ်းအင်နှင့် ပြန်ပြည့်မြဲစွမ်းအင်ကော်မတီ"က ကြီးမှူးကျင်းပသည့် စွမ်းအင်နှင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ (၀၇/၂၀၀၇–၂၀၀၈)စာတမ်းဖတ်ပွဲကို တက္ကသိုလ်များ(လှိုင်နယ်မြေ) လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ Seminar Room မြေညီထပ်တွင် မတ် ၁၅ ရက် (စနေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်မေးမြန်း

ယင်းစာတမ်းဖတ်ပွဲတွင် Biomass Gasification and Electrification Project (Da Goon Daing Village) မှ စာတမ်းရှင် ဦးမင်းလွင်ဆွေ (M.E"Chemical")က Sharing of Experience on Study and Demonstration of Biomass Gasification for Electricity စာတမ်းကို ဖတ်ကြားမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း–၀၁–၅၁၉၆၇၃–၆ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ဟိတေသီအဖွဲ့ ပဒေသာပင်ရေစက်ချ

ရန်ကုန် မတ် ၁၁

ဟိတေသီအဖွဲ့၏ (၁၈)ကြိမ်နှင့် (၁၉)ကြိမ်မြောက် ပဒေသာပင် အပင် ၂၀၀၀ ပြည့် ရေစက်ချအလှူပွဲကို ၁၃၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၈ ရက်(မတ် ၂၉ ရက်) စနေနေ့ မွန်းလွဲ ၁ နာရီတွင် မဟာစည်သာသနာ့ရိပ်သာ ဟိတေသီဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ **(က–ပ)**

နေပြည်တော်လယ်ဝေး ပြည်ဝင်ကျေးရွာ၌ မီးလောင်မှုဖြစ် အိမ်ခြေ ၄၃ လုံး မီးလောင်ဆုံးရှုံးခဲ့

နေပြည်တော် မတ် ၁၁

နေပြည်တော်လယ်ဝေး ပြည်ဝင်ကျေးရွာရှိ ဦးသန်းဌေး၏ နေအိမ်မှ တစ်ဆင့် မတ် ၁၀ ရက် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်တွင် မီးလောင်မှု စတင်ဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားလျှင် ဖြစ်ပွားချင်း မီးလောင်မှုဖြစ်ပွားရာနေရာသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် တာဝန်ရှိသူများ ရောက်ရှိကြပြီး မီးသတ်ယာဉ် ၁၂ စီးဖြင့် ဝိုင်းဝန်းမီးငြှိမ်းသတ်ခဲ့ကြရာ ညနေ ၄ နာရီ မိနစ် ၅၀ တွင် မီးညွန့်ကျိုးသွားခဲ့ကာ ညနေ ၅ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ပြည်ဝင်ကျေးရွာမှ နေအိမ် ၄၃ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးဘေးသင့်သူများအား ပြည်တော်ဝင် ဘုန်းကြီးကျောင်းတွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ လိုအပ်သည်များ ဖြည့်ဆည်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်သားတံတားဆောက်လုပ်

ရန်ကုန် မတ် ၁၁

မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၇–၂၀၀၈ ခု ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများအား အရှိန်အဟုန်ဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၉ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးနူးဆောင် ဦးဆောင်သော ဝန်ထမ်းများ ခါနန်ရပ်ကွက် မဥ္ဇူလမ်းပေါ်ရှိ အုတ်ခုံခံသစ်သားတံတား ဆောက်လုပ်နေမှုအခြေအနေကို အမှုဆောင်အရာရှိ ဦးတင်မောင်ထွေးက ကြီးကြပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကျောက်မဲ၌ ဈေးရောင်းပွဲတော်ကျင်းပ

ရန်ကုန် မတ် ၁၁

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ မြို့တော်ခန်းမတွင် မတ် ၆ ရက်က ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးဝင်းမြင့်နှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုင်းစန်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တပ်နယ်မှ ဗိုလ်မှူးချုပ်စံမြင့်ဦးက ဈေးပွဲတော်မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ဈေးပွဲတော်တွင် မြန်မာ့အထည်အလိပ်၊ စားသောက်ကုန်၊ အိမ်သုံးနှင့် ဆေးဝါး၊ ကြွေထည်၊ စက္ကူနှင့် ဓာတုဗေဒ၊ အထွေထွေပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းတို့မှ ကုန်ပစ္စည်းအမျိုးမျိုးကို အရောင်းပြခန်း ခြောက်ခန်းဖြင့် မတ် ၆ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်ပြသရောင်းချလျက်ရှိသည်။ **(က–ပ)**

စာအုပ်စာပေ လူ့မိတ်ဆွေ

Grand Royal Special Reserve Golf Championship 2008 ဂေါက်သီးရိုက်ပြိုင်ပွဲ(ဗိုလ်လုပွဲစဉ်) ရက်ပြောင်းလဲကျင်းပမည်

ရန်ကုန် မတ် ၁၁

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူးကျင်းပ၍ International Beverages Trading Co.,Ltd. မှ အဓိက ကူညီပံ့ပိုးသော ၂၀၀၈ ခုနှစ် Grand Royal Special Reserve Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ (ဗိုလ်လုပွဲစဉ်)အား မူလကျင်းပမည့်ရက် မတ် ၁၄ ရက်မှ ၁၇ ရက်အစား မတ် ၂၁ ရက်မှ ၂၃ ရက်အထိ ရန်ကုန်မြို့ မြို့တော်ဂေါက်ကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ကျင်းပပြီးခဲ့သော (လက်ရည်စစ်)ပြိုင်ပွဲများမှ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိထားသူများသည် မတ် ၁၆ ရက် နောက်ဆုံးထားပြီး ပြိုင်ပွဲကျင်းပရေးကော်မတီရုံးခန်းမ ဖုန်း–၀၉–၉၉–၇၂၅၅၄၊ ၀၁–၆၅၃၁၇၄ တို့သို့ သတင်းပေးပို့ရမည် ဖြစ်သည်။ **(သတင်းစဉ်)**

ဒို့အနာဂတ် ဒို့ဖန်တီးဖို့ အခြေခံဥပဒေ အတည်ပြုစို့(၃)

နိုင်ငံတော်ငြိမ်းချမ်းတည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်မှုများ ဝေဝေဆာဆာ ရှိလာချိန်တွင် ဒီမိုကရေစီလုပ်ငန်းစဉ်များဘက် အချိန်ပေး ဆောင်ရွက်လာခဲ့သည့် နိုင်ငံတော်အစိုးရ၏ စေတနာကို သိလာရသောအခါ ခိုင်မျိုးညီလာအောင်တို့လို မျိုးချစ်စိတ်ဓာတ်ထက်သန်ပြီး အမျိုးသားအကျိုးစီးပွား သယ်ပိုးလိုသူ မြန်မာများက တလေးတစား ပူးပေါင်းဆောင်ရွက်လာကြရတော့သည်။

နိုင်ငံတော် သတင်းထုတ်ပြန်ရေးအဖွဲ့က ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲမကျင်းပမီကပင် ရွေးကောက်ပွဲပြီးလျှင် အခြေခံဥပဒေသစ်ရေးဆွဲရမည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲ၌ တင်ပြခဲ့သည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ၁/၉၀ ကြေညာချက်ဖြင့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံရသော ကိုယ်စားလှယ်များပါ ပါဝင်ပြီး အခြေခံဥပဒေရေးဆွဲကြမည်ဟု အသိပေးကြေညာခဲ့သည်။ မဲဆန္ဒရှင်လူထုက မဲပေးရွေးကောက်လိုက်သော ကိုယ်စားလှယ်များသည် ပြည်သူတို့ကိုယ်စား ပြည်သူ့ရေးရာများကို အကောင်းဆုံး ဆောင်ရွက်ပေးကြရန် တာဝန်ယူရမည့်သူများသာ ဖြစ်သည်။ ပြည်သူတို့ပိုင်ဆိုင်သော အချုပ်အခြာအာဏာကို ပြည်သူတို့ကိုယ်တိုင် စီမံခန့်ခွဲဆောင်ရွက်နိုင်ခြင်းမရှိ၍ ကိုယ်စားပြုဒီမိုကရေစီပုံစံဖြင့် ဥပဒေပြုရန်၊ အုပ်ချုပ်ရန်၊ တရားစီရင်ရန် ကိုယ်စားလှယ်များအား ပြည်သူတို့က ရွေးချယ်တင်မြှောက်တာဝန်ပေးရခြင်းဖြစ်သည်။ ဤသို့ နိုင်ငံတော်ကြီးတစ်ခုလုံး(ဝါ) အချုပ်အခြာအာဏာကြီးတစ်ရပ်လုံးကို ရွေးချယ်ခံကိုယ်စားလှယ်များအား လွှဲအပ်ရာ၌ ဟင်းရွက် ကန်စွန်းကဲ့သို့ ရော့-အင့်-ယူလိုက် ကြိုက်သလိုသာ လုပ်ကြဆိုပြီး မအပ်နိုင်၊ မအပ်သင့်ပေ။

ပြည်သူအတွက် ပြည်သူ့တာဝန်ထမ်းဆောင်ရန် ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သော ပြည်သူ့ကိုယ်စားလှယ်များအား အချုပ်အခြာအာဏာ (ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး)ကို ဤပုံစံ၊ ဤနည်းလမ်း၊ ဤစည်းကမ်းအတိုင်း ကျင့်သုံးဆောင်ရွက်ကြ၊ မည်သည့်လုပ်ရပ်မျိုး မလုပ်ရ၊ မည်သို့လုပ်ရမည်၊ မည်သို့ဆောင်ရမည်၊ မည်သို့ရှောင်ရမည်၊ နိုင်ငံသားတို့၏ မူလအခွင့်အရေးများ အပြည့်အဝရရှိစေရန် မည်သို့မည်ပုံ ကာကွယ်ဖြည့်စွမ်းပေးရမည်တို့ကို ကဏ္ဍအလိုက် အကြောင်းအချက်များ(ဝါ) ပုဒ်မများဖြင့် စီကာစဉ်ကာ ရေးသားထားသော စာတမ်းသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပင်ဖြစ်သည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကြီးသည် မရှိမဖြစ်လိုအပ်သော ဥပဒေအားလုံး၏ အထက်တွင်ရှိသော ဥပဒေကြီး၊ တစ်နည်းအားဖြင့် ပြည်သူကအာဏာ(သက်တမ်းအလိုက်) လွှဲအပ်ပေးခြင်းခံရမည့် ကိုယ်စားလှယ်များအနေဖြင့် ထင်ရာမစိုင်းဘဲ စည်းကမ်းတကျ ဥပဒေနှင့်အညီဆောင်ရွက်ရန် ချုပ်ဆိုကြသော စာချုပ်ကြီးဖြစ်ပေသည်။

ဗြိတိန်နိုင်ငံတွင် အခန်းအလိုက် ပုဒ်မစဉ်တပ်ပြီး ရေးသားထားသော ဖွဲ့စည်းပုံအခြေခံဥပဒေမရှိပေ။ ထီးနန်းဆက်ခံရေးဥပဒေ၊ ပါလီမန်ဥပဒေ၊ ကက်ဘိနက်(ဝန်ကြီးအဖွဲ့)ဥပဒေ၊ တရားစီရင်ရေးဥပဒေ၊ မဂ္ဂနမ်ကာတာခေါ် နိုင်ငံသားအခွင့်အရေး စာတမ်းတို့ကို ပေါင်းရုံးပြီး အခြေခံဥပဒေအဖြစ် သုံးစွဲလျက်ရှိသည်။ ထို့ကြောင့် ဗြိတိသျှတို့၏ အချုပ်အခြာအာဏာ ကျင့်သုံးမှုကို စီကာစဉ်ကာ ရေးသားမထားသော ဥပဒေ(Unwritten Law)ဟု ခေါ်ကြသည်။

အမေရိကန်ပြည်ထောင်စုကို ၁၇၇၆ ခုနှစ် ဇူလိုင်လ ၄ရက်နေ့တွင် လွတ်လပ်ရေးကြေညာ တည်ထောင်ပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေကိုမူ နောင် ၁၁ နှစ်ကြာ ၁၇၈၇ ခုနှစ် မေလတွင်မှ ညီလာခံကျင်းပညှိနှိုင်းပြီး ရေးဆွဲပြဋ္ဌာန်းခဲ့ကြသည်။ ထိုစဉ်က အမေရိကန်တွင် ကိုလိုနီ(ပြည်နယ်ဒေသ) ၁၃ခုရှိသည်။ ရုဒ်အိုင်လင်ခေါ် ကျွန်းပြည်နယ်မပါဘဲ ကျန် ၁၂ပြည်နယ်မှ ကိုယ်စားလှယ် ၆၀ဖြင့် အခြေခံဥပဒေကို ရေးဆွဲခဲ့ကြသည်။ ထိုစဉ် တောင်ပိုင်းပြည်နယ် ကိုယ်စားလှယ်များက ရက်ဒ်အင်ဒီးယန်း (မူလဒေသခံလူမျိုး)များနှင့် လူမည်း(ငွေဝယ်ကျွန်) နီဂရိုးများကို မဲပေးခွင့်၊ ရွေးကောက်ခွင့် စသည့်နိုင်ငံသားအခွင့်အရေးများ လုံးဝမပေးနိုင်ဟု တင်းခံသဖြင့် ထိုအခန်းချန်လှပ်ရေးဆွဲခဲ့ရသည်။ နောင်အခြေခံဥပဒေကို အကြိမ် ၂၀ကျော်ပြင်ဆင်ခဲ့သော အခါတွင်မှ နိုင်ငံသားအခွင့်အရေး အခန်းကပါလာသည်။ အခြေခံဥပဒေအတွက် မူများဆွေးနွေးရင်း သဘောထားကွဲပြီး အိမ်ပြန်သွားသူများကို ညီလာခံသဘာပတိ(ဗိုလ်ချုပ်ကြီး)ဂျော့ဝါရှင်တန်က သွားရောက်တွေ့ဆုံ ချော့မော့ခေါ်ယူခဲ့ရသည်။ အမေရိကန်အခြေခံဥပဒေကို ရေးဆွဲရာ၌ ကိုယ်စားလှယ် ၅၀ ခန့်သာပုံမှန်တက်သည်။ ၁၇၈၇ ခုနှစ် စက်တင်ဘာလတွင် အခြေခံဥပဒေကို အတည်ပြုလက်မှတ်ထိုးသောအခါ ကိုယ်စားလှယ် ၁၆ ဦးက မိမိတို့မကြိုက်၊ လက်မခံနိုင်ဟုဆိုကာ လက်မှတ်မထိုးကြပေ။ လက်မှတ်ထိုးကြသည့် လူ ၃၀ကျော်အနက် အချို့က မိမိတို့မကြိုက်သော ပုဒ်မများပါဝင်နေ၍ မကြိုက်သော်လည်း အခြေခံဥပဒေပေါ်ထွန်းရေးအတွက် လက်မှတ်ထိုးလိုက်ရသည်ဟု ပြောပြီးမှ လက်မှတ်ထိုးသည်။ ယင်းအခြေခံဥပဒေကို ပြည်နယ်အလိုက် အတည်ပြုရာ၌ ရုဒ်အိုင်လင်ပြည်နယ်က ၁၇၉၀ ပြည့်နှစ် မေလ ၂၉ရက်နေ့တွင်မှ အသိအမှတ်ပြု လက်ခံကျင့်သုံးသည်။

ထိုစဉ်က အမေရိကန်ပြည်ထောင်စုတွင် လူဦးရေက ၃သန်း ၉သိန်းကျော်(ယင်းတို့တွင် ငွေဝယ်ကျွန် ၇သိန်းခန့်ပါဝင်)သာရှိသည်။ ပြည်နယ်က ၁၃ ခု ဖြစ်သည်။ ယခုအခါ ပြည်နယ် ၅၀၊ လူဦးရေက ၂၉၈ သန်းကျော်ရှိသည်။ ၁၇၈၇ ခုနှစ်က ပြည်နယ် ၁၂ခုမှ လူ ၅၀ ကျော်ရေးဆွဲကာ လူ ၃၀ကျော် လက်မှတ်ရေးထိုးခဲ့သော အခြေခံဥပဒေကို ၁၃ ပြည်နယ်မှ လူသုံးသန်းကျော်က လက်ခံကျင့်သုံးခဲ့သည်။ ယနေ့တိုင် ပြည်နယ် ၅၀မှ လူဦးရေ သန်း ၃၀၀ နီးပါးခန့်က ဆက်လက်ကျင့်သုံးနေပေသည်။ ပြင်သစ်တွင်မူ အခြေခံဥပဒေကို ပြင်ဆင်ခြင်း သို့မဟုတ် အသစ်ပြန်ဆွဲခြင်း ၁၅ ကြိမ်ပြုလုပ်ခဲ့ပြီးပြီ ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၁၉၈၈ခုနှစ်နောက်ပိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် နိုင်ငံတော်က ထုတ်ဖော်ပြောကြား ကြေညာခဲ့ပြီးဖြစ်ပေသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ကြေညာချက် အမှတ် ၁/၉၀ ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲမည်ဟု ကြေညာခဲ့သည်။ ၁၉၉၂ ခုနှစ် ဧပြီလ ၂၄ရက်နေ့တွင် ကြေညာချက်အမှတ် ၁၁/၉၂ ထုတ်ပြန်ပြီး အမျိုးသားညီလာခံ ခေါ်ယူကျင်းပရေးနှင့်စပ်လျဉ်း၍ တရားဝင်တည်ရှိနေသော နိုင်ငံရေးပါတီများမှ ရွေးချယ်ခံထားရသော ကိုယ်စားလှယ်ခေါင်းဆောင်များ၊ တစ်သီးပုဂ္ဂလရွေးချယ်ခံကိုယ်စားလှယ်များနှင့် နှစ်လအတွင်း တွေ့ဆုံညှိနှိုင်းမည်ဖြစ်ကြောင်း၊ ထိုသို့တွေ့ဆုံညှိနှိုင်းမှု ပြုလုပ်ပြီးပါက ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံမူများချမှတ်နိုင်ရန် အမျိုးသားညီလာခံကို ခြောက်လအတွင်း ခေါ်ယူကျင်းပမည်ဖြစ်ကြောင်း အသိပေးကြေညာခဲ့သည်။

ထို့နောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲ ဦးဆောင်ကော်မတီကို ဖွဲ့စည်းပေးခဲ့သည်။ ၁၉၉၂ခုနှစ် ဇွန်လ ၂၃၊ ဇွန်လ ၃၀၊ ဇူလိုင်လ ၁၀ ရက်နေ့များတွင် ရွေးကောက်ပွဲ၌ ရွေးချယ်ခံထားရသော ကိုယ်စားလှယ် ၂၉ဦး တက်ရောက်သည့် ညှိနှိုင်းဆွေးနွေးပွဲကျင်းပကာ အမျိုးသားညီလာခံသို့ တက်ရောက်မည့် ကိုယ်စားလှယ် အစုအဖွဲ့ (၈)ခုအတွက် ကိုယ်စားလှယ်ရွေးချယ်ရေးပုံစံ၊ ညီလာခံပုံစံ၊ ဦးတည်ချက်များ သဘောတူညီမှု ရခဲ့သည်။

နိုင်ငံတော် အစိုးရက ၁/၉၃ ကြေညာချက်ဖြင့် အမျိုးသားညီလာခံကို ကြိုဆိုသောအားဖြင့် ၁၈-၉-၈၈မှ ၃၁-၁၂-၉၂ရက်နေ့အထိ နယ်ဘက်တရားရုံး၊ စစ်ဘက်တရားရုံးနှင့် စစ်ခုံရုံးတို့က ပြစ်ဒဏ်ချမှတ်ခဲ့သည့် အကျဉ်းသားများအား ပြစ်ဒဏ်များပြောင်းလဲလျှော့ပေါ့ပေးခဲ့သည်။ ၁/၉၇ ကြေညာချက်ဖြင့်လည်း ၁၈-၉-၈၈မှ ၁၅-၁၀-၉၇ရက်နေ့ ကာလအတွင်း နယ်ဘက်တရားရုံး၊ စစ်ဘက်တရားရုံးနှင့် စစ်ခုံရုံးတို့က ပြစ်ဒဏ်ချမှတ်ခဲ့သည့် အကျဉ်းသားများအား ပြစ်ဒဏ် ပြောင်းလဲလျှော့ပေါ့ပေးခဲ့သည်။ ကြေညာချက်အမှတ် ၁၄/၉၂ ဖြင့် အမျိုးသားညီလာခံ ခေါ်ယူကျင်းပရန် ကြေညာခဲ့ပြီး ၂-၁၀-၉၂ ရက် နေ့စွဲပါ ကြေညာချက်အမှတ် ၃၉/၉၂ ဖြင့် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဖွဲ့စည်းပေးခဲ့သည်။

၅-၁-၉၃ ရက်နေ့တွင် အမျိုးသားညီလာခံကိုယ်စားလှယ် ၇၀၂ဦးတို့ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းသို့ စုရုံးရောက်ရှိကာ ၇-၁-၉၃ရက်နေ့တွင် ညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌက ကိုယ်စားလှယ်များကို ကြိုဆိုနှုတ်ဆက်ပွဲကျင်းပပြီး ၉-၁-၉၃ ရက်နေ့တွင် အမျိုးသားညီလာခံကြီး စတင်ကျင်းပသည်။ ၉-၁-၉၃မှ ၁၁-၁-၉၃ရက်နေ့အထိ ညီလာခံ ဦးတည်ချက်(၆)ရပ်၊ အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာဖွဲ့စည်းပုံအခြေခံဥပဒေများ၏ သဘောသဘာဝများ၊ အခြေခံဥပဒေစံ(NORM)များကို လုပ်ငန်းကော်မတီက ကိုယ်စားလှယ်များအား ရှင်းပြခဲ့သည်။ ကိုယ်စားလှယ်များအား လေ့လာရန် အချိန်ပေးခဲ့သည်။ ညီလာခံရုံးတွင် နိုင်ငံစုံမှ အခြေခံဥပဒေစာအုပ်စာတမ်းများထားရှိကာ ကိုယ်စားလှယ်များ လေ့လာဖတ်ရှုနိုင်ရေး စီစဉ်ပေးခဲ့သည်။

၁-၂-၉၃မှ ၇-၄-၉၃ ရက်နေ့အတွင်း ကိုယ်စားလှယ်အစုအဖွဲ့(၈)ခုက မိမိတို့အဖွဲ့အတွက် သဘာပတိငါးဦးစီ ရွေးချယ်တင်မြှောက်ကြသည်။ အခြေခံဥပဒေတွင်ပါဝင်သော အခန်းလိုက် ခေါင်းစဉ် ၁၅ခုကို (အကြံပြုခေါင်းစဉ် ၂၀၀၀ ကျော်မှ အထပ်ထပ် စိစစ်ညှိနှိုင်း) သတ်မှတ်သည်။

၇-၉-၉၃မှ ၁၆-၉-၉၃ရက်နေ့အထိ နိုင်ငံတော်အခြေခံမူ (၁၀၄ ချက်)ကို အစုအဖွဲ့လိုက် အကြံပြုပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးက အတည်ပြုချမှတ်ခဲ့သည်။

၁၈-၁-၉၄ မှ ၉-၄-၉၄ရက်နေ့အထိ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်း၊ နိုင်ငံတော်အကြီးအကဲသမ္မတအခန်းအတွက် တစ်ဦးချင်းသဘောထား၊အစုအဖွဲ့သဘောထားများမှသည် စုံညီအစည်းအဝေး၌ ကိုယ်စားလှယ်အားလုံးသဘောတူညီမှုဖြင့် အခြေခံမူများ၊ အသေးစိတ်

စာမျက်နှာ ၁၁ ကော်လံ ၁

ပြည်သူအတွက် ပြည်သူ့တာဝန်ထမ်းဆောင်ရန် ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သော ပြည်သူ့ကိုယ်စားလှယ်များအား အချုပ်အခြာအာဏာ (ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး) ကို ဤပုံစံ၊ ဤနည်းလမ်း၊ ဤစည်းကမ်းအတိုင်း ကျင့်သုံးဆောင်ရွက်ကြ၊ မည်သည့်လုပ်ရပ်မျိုး မလုပ်ရ၊ မည်သို့လုပ်ရမည်၊ မည်သို့ဆောင်ရမည်၊ မည်သို့ရှောင်ရမည်၊ နိုင်ငံသားတို့၏ မူလအခွင့်အရေးများ အပြည့်အဝရရှိစေရန် မည်သို့မည်ပုံ ကာကွယ်ဖြည့်စွမ်း ပေးရမည်တို့ကို ကဏ္ဍအလိုက် အကြောင်းအချက်များ(ဝါ)ပုဒ်မ များဖြင့် စီကာစဉ်ကာ ရေးသားထားသော စာတမ်းသည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပင်ဖြစ်သည်။

12-3-08 (10).pmd 1 3/12/2008, 12:18 AM

* *ကျောဖုံးမှ*

ဗဟိုအလုပ်အမှုဆောင် နေပြည်တော် ပျဉ်းမနားခရိုင် တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က မီးဘေးသင့်အိမ်ထောင်စုဝင်များကို အားပေးစကားပြောကြားကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မီးဘေးသင့် အိမ်ထောင်စုများအား အလှူငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး လှူဒါန်းသည့် အဝတ်အထည်များနှင့် ငွေကျပ်သိန်း ၁၀၀၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးလှူဒါန်းငွေကျပ် ၁၀သိန်းတို့ကို နေပြည်တော် ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်က လည်းကောင်း၊ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ထောက်ပံ့ငွေများနှင့် ကယ်ဆယ်ရေးပစ္စည်းများကို လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ငွေကျပ် ၁၀ သိန်း၊ ဆန်အိတ် ၅၀နှင့် အဝတ်အထည်များကိုလည်းကောင်း၊အမှတ်(၁) စက်မှုဝန်ကြီးဌာနက လှူဒါန်းသည့် ထောက်ပံ့ငွေနှင့်ပစ္စည်းများကို စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က လည်းကောင်း နေပြည်တော်လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနိုင်ထွန်းထံသို့ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ စေတနာရှင်ပြည်သူများက ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ပေးအပ် လှူဒါန်းကြရာ မီးဘေးသင့်အိမ်ထောင်စုများကိုယ်စား ကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများက လက်ခံကြပြီး မီးဘေးသင့် အိမ်ထောင်စုဝင်များကိုယ်စား အမှတ်(၅) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းသူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက်နေပြည်တော်ပျဉ်းမနားခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဇော်က မီးဘေးသင့်အိမ်ထောင်စုများ ပြန်လည်နေရာချထားရေးကိစ္စများကို ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထောက်ပံ့ပေးအပ်

ယနေ့အခမ်းအနားတွင်နေပြည်တော်လယ်ဝေး မီးဘေးသင့် အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းတန်ဖိုး စုစုပေါင်းငွေကျပ် ၂၃၆ သိန်းဖိုးကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ကြည့်ရှုအားပေး

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေနှင့် တာဝန်ရှိသူများသည်ယာယီကယ်ဆယ်ရေးစခန်းနှင့်မီးဘေးသင့်အိမ်ထောင်စုများအား လိုက်လံကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

ကုန်သည်/စက်မှုအသင်းချုပ်အလုပ်အမှုဆောင် သင်တန်းတက်ရောက်ရန် ထိုင်းသို့ထွက်ခွာ

ရန်ကုန် မတ် ၁၁

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ University of Thai Chamber of Commerce တွင် မတ် ၁၀ရက်မှ ၁၉ရက်အထိ ဖွင့်လှစ်ပို့ချလျက်ရှိသည့် Managing a Competitive Export Businessသင်တန်းသို့ တက်ရောက်ရန် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အလုပ်အမှုဆောင် ဦးကျော်ကျော်ဝင်းနှင့် ဝန်ထမ်း ဒေါ်သီသီဝင်း **(အပေါ်ပုံ)**တို့သည် မတ်၉ရက်တွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ (က-ပ)

နဝမအကြိမ် ရဟန်းခံရှင်ပြု သီလရှင်ဝတ်ပွဲ

ရန်ကုန် မတ် ၁၁

ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့က ကြီးမှူး၍ နဝမအကြိမ်မြောက် ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ပွဲကို ဧပြီ ၁၂ ရက်မှ ၁၇ ရက်အထိ မဟာသင်္ကြန်ကာလအတွင်း အင်းစိန်တောင်သူကုန်းရပ်ကွက် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀အဖွဲ့ ဩဝါဒစရိယ ဘဒ္ဒန္တစန္ဒောဘာသ အရှင်သူမြတ်ကို ဥပဇ္ဈယ်ပြု ကျင်းပမည်ဖြစ်ရာ ရဟန်းတစ်ပါးလျှင် ငွေကျပ် ၂၇၀၀၀၊ သီလရှင်၊ သာမဏေတစ်ပါးလျှင် ငွေကျပ် ၂၂၅၀၀(သင်္ကန်း၊ ဝတ်စုံ၊ ဆွမ်းစားရိတ်ပါ) လှူဒါန်းနိုင်ပြီး အဖွဲ့က သင်္ကန်း၊ ဝတ်စုံတစ်စုံစီ အပိုပေးမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အရုဏ်ဆွမ်းတစ်နပ်လျှင်ငွေကျပ် ၅၄၀၀၀၊ နေ့ဆွမ်း(အချိုပွဲပါ) ငွေကျပ် ၇၂၀၀၀၊ အအေး(တစ်ရက်) ငွေကျပ် ၉၀၀၀ဖြင့် လှူဒါန်းလိုသူများ ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ရုံး စုပေါင်းရုံးဝင်း အင်းစိန် ဖုန်း-၆၄၂၈၅၈၊ ၆၄၀၄၈၇၊ ၆၄၀၄၈၉တို့သို့ ဧပြီ၇ရက် နောက်ဆုံးထား ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (၁၁၃)

မတ် ၉ရက်က ဗဟန်းမြို့နယ် အမှတ် (၁၄)အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၆-၂၀၀၇ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက်ဆုရရှိသူ မဆုပြည့်ကျော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်လှဝင်းယဉ်က ဆုချီးမြှင့်စဉ်။ (က-ပ)

ချောက်မြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုချီးမြှင့်မည်

ရန်ကုန် မတ် ၁၁

ချောက်မြို့နယ်အသင်း(ရန်ကုန်)က ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပမည်ဖြစ်ရာ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သူများ၏ အမှတ်စာရင်းမိတ္တူကို မတ် ၂၈ ရက် နောက်ဆုံးထား၍ ဦးကျော်ဇံ(ဒုတိယဥက္ကဋ္ဌ) ဖုန်း-၅၂၄၈၀၇၊ ဒေါက်တာမောင်မောင်မြင့် (ဒုတိယဥက္ကဋ္ဌ) ဖုန်း- ၅၅၄၀၆၇၊ ဦးဌေးအောင် (အတွင်းရေးမှူး) ဖုန်း- ၂၉၃၄၂၀နှင့် အမှုဆောင်များထံ ဆက်သွယ်ပေးပို့ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ (က-ပ)

စာမျက်နှာ ၁၀မှ ဆောင်းပါးအညွှန်း

အခြေခံရမည့်မူများ ချမှတ်ခဲ့သည်။ ၂-၉-၉၄ မှ ၇-၄-၉၅ရက်နေ့အထိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုခြောက်ခုကို တညီတညွတ်တည်း သတ်မှတ်ခဲ့ရာ (၁) ဝ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း၊ (၂)ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (၃) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (၄) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ (၅) ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် (၆) နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတို့ဖြစ်ကြသည်။

၂၈-၁-၉၅ရက်နေ့တွင် NLD ပါတီနှင့် ရွေးချယ်ခံကိုယ်စားလှယ် စုစုပေါင်း ၈၆ယောက်တို့ ညီလာခံမှ ခွင့်မပန်ကြားဘဲ ညီလာခံလုပ်ထုံးလုပ်နည်း စည်းကမ်းဖောက်ဖျက်ကာ ထွက်ခွာသွားကြသည်။

၂၈-၁၁-၉၅ မှ ၃၁-၃-၉၆ရက်နေ့အထိ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး ဖွဲ့စည်းမှုအပိုင်းများအတွက် မူများချမှတ်ကာ ညီလာခံကို ရပ်နားသည်။ အထက်ပါ အမျိုးသားညီလာခံခြောက်ကြိမ်စလုံးကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းတွင် ကျင်းပကာ စုံညီအစည်းအဝေးများကို အလုံလမ်း သမ္မတအိမ်တော်ဝင်း စည်းဝေးခန်းမဆောင်တွင် ကျင်းပခဲ့သည်။

နိုင်ငံတော်က ၂၀၀၃ ခုနှစ် ဩဂုတ်လတွင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ထုတ်ပြန်ကြေညာခဲ့သည်။ ဤမူဝါဒလမ်းစဉ် ခုနစ်ရပ်သည် ဒီမိုကရေစီလမ်းပြမြေပုံ ဖြစ်ပေသည်။

ယင်းဒီမိုကရေစီ လမ်းပြမြေပုံအရ ၂၀၀၄ခုနှစ် မေလမှစ၍ အမျိုးသားညီလာခံကြီး ပြန်လည်စတင် ကျင်းပခဲ့သည်။ ၁၉၉၅ခုနှစ်တွင် ညီလာခံကို ကျောခိုင်းထွက်ခွာသွားပြီးမှ ၂၀၀၄ခုနှစ် မေလတွင် ညီလာခံပြန်တက်မည်ဟု NLD က ပြောလာသဖြင့် ဖိတ်စာကမ်းခဲ့သော်လည်း ကျင်းပခါနီး နောက်ဆုံးအချိန်ရောက်မှ မတက်တော့ဟု ဆိုပြန်သည်။

ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်စခန်းတွင် အမျိုးသားညီလာခံကြီး ငါးကြိမ်ကျင်းပခဲ့သည်။

၁၇-၅-၂၀၀၄ မှ ၉-၇-၂၀၀၄ရက်နေ့အထိ ဥပဒေပြုရေး အာဏာခွဲဝေမှုကို ဆွေးနွေးအကြံပြုကြသည်။

၁၇-၂-၂၀၀၅ မှ ၃၁-၃-၂၀၀၅ရက်နေ့အထိ ဥပဒေပြုရေးအာဏာခွဲဝေမှုအတွက် မူများချမှတ်ပြီး အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာခွဲဝေမှု အပိုင်းများအတွက် အစုအဖွဲ့များက အကြံပြုကြသည်။

၅-၁၂-၂၀၀၅ မှ ၃၁-၁-၂၀၀၆ရက်နေ့အထိ အုပ်ချုပ်ရေးအာဏာခွဲဝေမှုအတွက် မူများချမှတ်ခဲ့သည်။ တရားစီရင်ရေးအာဏာခွဲဝေမှုဆိုင်ရာ မူများချမှတ်ပြီး ဥပဒေပြုရေးလုပ်ငန်းများ၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ၊ တပ်မတော်အခန်းတို့အတွက် အကြံပြုတင်ပြကြသည်။ ၁၀-၁၀-၂၀၀၆ မှ ၂၉-၁၂-၂၀၀၆ ရက်နေ့အထိ ဥပဒေပြုရေးလုပ်ငန်းနှင့် နိုင်ငံသားအခွင့်အရေးအခန်း၊ တပ်မတော် အခန်းတို့အတွက် မူများချမှတ်ခဲ့သည်။

ဆက်လက်၍ ရွေးကောက်တင်မြှောက်ခြင်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ၊ အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် အစုအဖွဲ့များက အကြံပြုတင်ပြကြသည်။

၁၈-၇-၂၀၀၇ မှ ၃-၉-၂၀၀၇ရက်နေ့အထိ အကြံပြုဆွေးနွေးတင်ပြထားသော အထက်ပါအခန်းများအတွက် မူများချမှတ်ကာ အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။ ထိုမှဆက်၍ **ယခုအခါ အခြေခံဥပဒေမူကြမ်းကို ရေးဆွဲပြီးခဲ့ပြီးဖြစ်သည်။ လာမည့်မေလတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုမည်။ ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကျင်းပကာ ရွေးချယ်ခံ ကိုယ်စားလှယ်များဖြင့် လွှတ်တော်ခေါ်ယူခြင်း၊ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ခြင်း၊ အာဏာပိုင်အဖွဲ့များ ဖွဲ့စည်းခြင်းတို့ကို ဆက်တိုက်ဆောင် ရွက်သွားမည်ဖြစ်သည်။**

ညီလာခံတစ်လျှောက် ကိုယ်စားလှယ်များ လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးကြသည်။ စိတ်ရှည်လက်ရှည် ညှိနှိုင်းကြသည်။ ညီလာခံတွင် ဆွေးနွေးကြသမျှ၊ ချမှတ်ခဲ့သမျှ အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများကို သတင်းစာ၊ ရေဒီယို၊ ရုပ်သံ၊ အင်တာနက်၊ ပြည်တွင်းပြည်ပသတင်းဌာနများက ထုတ်ပြန်တင်ပြခဲ့သည်။ ကျိုက္ကဆံကွင်းတွင် ၁၉၉၃ ခုနှစ်က အမျိုးသားညီလာခံ စတင်ကျင်းပစဉ် ကိုယ်စားလှယ် ၇၀၂ယောက်တက်ရောက်ပြီး ၂၀၀၄ခုနှစ် ညောင်နှစ်ပင်စခန်း၌ ညီလာခံပြန်လည်ကျင်းပသောအခါ အစုအဖွဲ့ရှစ်ခုမှ ညီလာခံကိုယ်စားလှယ် ၁၀၈၀ကျော် တက်ရောက်ခဲ့ကြသည်။ အစုအဖွဲ့ရှစ်ခုတွင် ပြည်နယ်စုံ၊ တိုင်းဒေသစုံ၊ မြို့နယ်စုံမှ တိုင်းရင်းသားစုံကိုယ်စားလှယ်များ၊ လူထုလူတန်းစားအလွှာစုံကိုယ်စားလှယ်များ၊ နိုင်ငံရေးအတွေ့အကြုံကြွယ်ဝသော သံတမန်ဟောင်းများ၊ သမိုင်းပညာရှင်များ၊ ငြိမ်းချမ်းရေး ရယူပြီးသည့် တိုင်းရင်းသားအဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်သည်။

နိုင်ငံတော်က ဒီမိုကရေစီလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးခဲ့သမျှ ပွင့်လင်းသည်။ အများပြည်သူထံချပြရင်း ကမ္ဘာကိုပါသိစေခဲ့သဖြင့် ထင်သာမြင်သာရှိသည်။ အစီအစဉ်များကိုလည်း အချိန်ဇယား ဖော်ပြလုပ်ဆောင်ခဲ့သည်။ ဤသို့ပွင့်လင်းမြင်သာသည့် လုပ်ငန်းများကို ၅၆သန်းကျော်သော မြန်မာပြည်သူတို့ သိသည်၊ မြင်သည်၊ ကြားသည်။ မျက်စိမပါ စက္ခုဝိညာဉ်မရှိ၊ သောတဝိညာဉ် တံခါးပိတ်ထားသူများက မမြင် မသိ မကြားသည်မှာ အဆန်းမဟုတ်တော့ပါ။ ပြည်တွင်းပြည်ပအဖျက်သမားနှင့် ကိုလိုနီဝါဒီတို့သည်ကား ၅၆သန်းကျော်သော မြန်မာတို့ကို သူတို့မသိ၊ အလေးမထား၊ တစ်ဦးတစ်ယောက်တည်းကိုသာ သိကြသည်။ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ဆန့်ကျင်ပြီး တစ်ဦး တစ်ဖွဲ့အကျိုးကိုသာ သိတတ်ကြသူများ ဖြစ်သည်။

မည်သို့ဆိုစေ၊ ကမ္ဘာတွင် အခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုသောနိုင်ငံမျိုး ရှားသည်။ ပြည်သူတို့အတွက် တိုက်ရိုက်ဒီမိုကရေစီကျင့်သုံးခွင့်ရစေမည့်၊ အနာဂတ် ကောင်းကျိုးဖော်ဆောင်မည့် အခြေခံဥပဒေကို ပြည်သူ့ဆန္ဒဖြင့် အတည်ပြုတော့မည် ဖြစ်သည်။ ထို့ကြောင့်

- ဒို့အနာဂတ် ဒို့ဖန်တီးဖို့
  အခြေခံဥပဒေ အတည်ပြုစို့
- ဒို့အနာဂတ် ဒို့ပိုင်ဖို့
  ဖွဲ့အဟုန်ပွားလို့
  မဲရုံသွားစို့။
- တိုင်းရင်းသားစုံ အခွင့်အရေးမှန်သမျှ
  အခြေခံဥပဒေများ အာမခံထားသဗျာ။
- ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်ဖို့
  အခြေခံဥပဒေကို အတည်ပြုစို့။
- ရွှေနိုင်ငံသစ်တည်လို့ ဒီမိုကရေစီခေတ်ဆီသို့
  ဒီမိုကရေစီခေတ်တည်လို့ ရွှေနိုင်ငံသစ်ဆီသို့။
  အခြေခံဥပဒေပြဋ္ဌာန်းမှု
  ပြည်သူညီညာစုလို့ အတည်ပြု။ ။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ပုလောမြို့ အမှတ်(၁)ရပ်ကွက် မီးဘေးသင့် အိမ်ထောင်စုများအတွက် ဆန်အိတ် ၁၀၀ ကို ပေးအပ်လှူဒါန်းစဉ်။ (မွေး/ရေ)

တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း တနင်္သာရီတိုင်းအတွင်းရှိဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၁

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် တနင်္သာရီတိုင်း တာဝန်ခံ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် မတ် ၈ ရက် နံနက်ပိုင်းက ပလောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တနင်္သာရီတိုင်း မြိတ်ခရိုင် ပလောက်မြို့နယ်ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တိုင်းမှူးနှင့်ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် မွန်းလွဲပိုင်းတွင် ပုလောမြို့ ကမ်းရိုးတန်း ရတနာ ခန်းမသို့ရောက်ရှိပြီး ပုလောမြို့နယ် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားကြသည်။

လက်ခံ

ထို့နောက် တိုင်းမှူးက ပုလောမြို့ အမှတ် (၁)ရပ်ကွက် မီးဘေးသင့် အိမ်ထောင်စုများအတွက် အမှတ်(၁) စက်မှုဝန်ကြီး ဌာနမှ အဝတ်အထည် အသုံးအဆောင် ပစ္စည်းများ၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ အဝတ်အထည်များ၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အလှူငွေများကို လည်းကောင်း၊ ဝန်ကြီးက မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးမိသားစု လှူဒါန်းသည့် ဆန်အိတ်၁၀၀၊ အဆောင်ကောင်း ကုမ္ပဏီမှ လှူဒါန်းသည့် ဆန်အိတ်၁၀၀ နှင့် အလှူငွေများကို လည်းကောင်း၊ တိုင်းအသင်း အတွင်းရေးမှူး ဦးကျော်ကျော်ဌေးက တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းသည့် ငွေကျပ် ၁၀သိန်းနှင့် ကော့သောင်းမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းသည့် အဝတ်အထည်များကို လည်းကောင်း၊ မြိတ်မြို့ လုပ်ငန်းရှင် ဦးလှဝင်းက အလှူငွေကျပ် ငါးသိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ပုလောမြို့ အမှတ် (၁) ရပ်ကွက် မီးဘေး ကယ်ဆယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှဆန်းက လက်ခံသည်။

ညနေပိုင်းတွင် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် မြိတ်မြို့ သမုတ်ကျေးရွာရှိ ဗင်ဒေ့ကုမ္ပဏီ၏ ရော်ဘာအခြောက်ခံ ပြုပြင်ထုတ်လုပ်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြိတ်မြို့ ဒေသခံ တပ်ခန်းမဆောင်၌ မြိတ်မြို့ရှိ အအေးခန်း စက်ရုံလုပ်ငန်းရှင်များအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၁

အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မတ် ၇ ရက်က တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တိုင်း အလုံမြို့နယ်ရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံရှိ သဘာဝဓာတ်ငွေ့သုံး တာဘိုင်စက် အသစ်တပ်ဆင်ပြီးစီးမှုနှင့် စက်ရုံစက်စွမ်းအားပြည့်လည်ပတ် ဓာတ်အားထုတ်လုပ်ပေးနေမှုအခြေအနေနှင့် Control Room တွင် ရေနွေးငွေ့ ဘွိုင်လာတာဘိုင်စက်အား Computer Control System ဖြင့် ထိန်းချုပ်မောင်းနှင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဓာတ်အားပေးစက်ရုံတွင် အမှတ်(၃) တာဘိုင်စက် အသစ်တပ်ဆင်ပြီးစီးမှုနှင့် တာဘိုင်များ စက်စွမ်းအားပြည့်လည်ပတ် ဓာတ်အားထုတ်လွှတ်ပေးနေမှု အခြေအနေ၊ စွန့်ပစ်ရေနွေးငွေ့ အပူသုံး တာဘိုင် ဘွိုင်လာစက် မောင်းနှင်လည်ပတ်နေမှုနှင့် Turbine Rotor အဟောင်း ပြန်လည်ပြုပြင်ခြင်း ဆောင်ရွက်နိုင်ရန် ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကိုကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဖြည့်ဆည်း

ထို့နောက် စက်ရုံရှင်းလင်းခန်းမ၌ ဝန်ကြီးက အလုံသဘာဝဓာတ်ငွေ့သုံး တာဘိုင် အကြီးစား ပြုပြင်ခြင်းနှင့် အသစ်အစားထိုး တပ်ဆင်ခြင်းလုပ်ငန်း အောင်မြင်မှုအတွက် ငွေကျပ်နှစ်သိန်း နှင့်ရွာမသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတွင် N.E.D.O တာဘိုင် စက်ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းအတွက် ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်ချီးမြှင့်ပြီး လုပ်ငန်းဆိုင်ရာ လိုအပ်မှုများ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ ဘိုးဘွားရိပ်သာ ဝင်းအတွင်း စိုက်ပျိုးထားရှိသော ဗောဓိပင်ကြီးအား ပလ္လင်တော် ပြုလုပ်နိုင်ရေးအတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ၈ရပ်ကွက် အမှတ်(၆၈)နေ ဦးလှမြင့်-ဒေါ်သန်းရွှေ မိသားစုက အလှူငွေကျပ်သိန်း ၂၀ကို မတ် ၂ရက်က ပေးအပ်လှူဒါန်းရာ ခရမ်းမြို့နယ် ဘိုးဘွားရိပ်သာအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဒုတိယဥက္ကဋ္ဌ ဦးသိန်းရွှေတို့ လက်ခံကြစဉ်။ (သတင်းစဉ်)

မြန်မာဘရူဝါရီလီမိတက်၏ ကရုဏာရေး၍ မြန်မာမှု နှစ်သစ်ကူးအစီအစဉ် စာနယ်ဇင်းများနှင့် တွေ့ဆုံရှင်းလင်း

ရန်ကုန် မတ် ၁၁

မြန်မာဘရူဝါရီလီမိတက်၏ ၂၀၀၈ ခုနှစ်ကရုဏာရေး၍ မြန်မာမှုနှစ်သစ်ကူး အထူးအစီအစဉ်နှင့် စပ်လျဉ်း၍ စာနယ်ဇင်းဆိုင်ရာများနှင့် တွေ့ဆုံပွဲ၊ လူမှုရေးအသင်းအဖွဲ့သို့ အလှူငွေများ ပေးအပ်ပွဲနှင့် ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(ဝက်ဘာ)၌ ကျင်းပရာ မြန်မာဘရူဝါရီ လီမိတက်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး နေဝင်း (ငြိမ်း)၊ အထွေထွေမန်နေဂျာ Mr. Peter Ong နှင့် တာဝန်ရှိသူများ၊ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာဘရူဝါရီလီမိတက် အထွေထွေမန်နေဂျာ Mr. Peter Ong **(ယာပုံ)** က အဖွင့်အမှာစကားနှင့် ၂၀၀၈ခုနှစ် ကရုဏာရေး၍ မြန်မာမှု နှစ်သစ်ကူး အထူးအစီအစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် လူမှုရေး အသင်းအဖွဲ့များ ဖြစ်ကြသော ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသား သွေးဌာနသို့ ငွေကျပ် သိန်း၃၀၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (ဝက်ဘာ)၊ ကော့မှူးမြို့နယ် အောင်ဇမ္ဗူလူငယ်ဖွံ့ဖြိုးရေးဂေဟာ၊ မသန်စွမ်းကလေးများကျောင်း၊ ခရစ်ယာန်များ မျက်မမြင် အသင်း၊ စိတ်ကျန်းမာရေးဆေးရုံကြီး၊ နယူးလိုက်ဖ် ဖောင်ဒေးရှင်း၊ ရတနာသီရိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ မန္တလေးမြို့ နားမကြားသော ကလေးများကျောင်း၊ မန္တလေး မန်းတောင်ခြေ ဘိုးဘွားရိပ်သာ၊ တောင်ကြီးမြို့ မသန်စွမ်း ကလေးများကျောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ် တိုင်းရင်းသားများလူငယ်ဖွံ့ဖြိုးရေး (ပရဟိတ)ဂေဟာ၊ မော်လမြိုင်မြို့ မိဘမဲ့ လူငယ်သင်တန်းကျောင်း၊ ပုသိမ်မြို့ ပရဟိတ လူငယ်ဖွံ့ဖြိုးရေးကျောင်းနှင့် လှည်းကူးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့တို့အား ငွေကျပ် ၁၀ သိန်းစီတို့ကို မြန်မာဘရူဝါရီ လီမိတက်ဥက္ကဋ္ဌ၊ အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများက ပေးအပ် လှူဒါန်းကြသည်။

လှူဒါန်း

ထို့နောက် မြန်မာ ဘရူဝါရီ လီမိတက် ဝန်ထမ်းများက ၂၀၀၈ခုနှစ် ကရုဏာရေး၍ မြန်မာမှု နှစ်သစ်ကူး အထူးအစီအစဉ်အဖြစ် စုပေါင်းသွေးလှူဒါန်းကြသည်။ မြန်မာဘရူဝါရီ လီမိတက်သည် မြန်မာနိုင်ငံအတွင်းရှိ အခြားသောကုမ္ပဏီများနည်းတူ နှစ်စဉ် မြန်မာ့ရိုးရာ နှစ်သစ်ကူးပွဲတွင် အထူးအစီအစဉ်များဖြင့် ကုမ္ပဏီ၏ ပရိသတ်များကို ပျော်ရွှင်မှုများရရှိစေရန် ကျင်းပဆောင်ရွက်ပေးလျက်ရှိသည်။ ယခုနှစ်တွင် လူမှုရေး အသင်းအဖွဲ့များကို အမှတ်တရဖြစ်စေရန် ၂၀၀၈ခုနှစ် ကရုဏာရေး၍ မြန်မာမှု နှစ်သစ်ကူး အထူးအစီအစဉ်အဖြစ် ထောက်ပံ့လှူဒါန်းနိုင်ရန် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အခြေခံပညာဦးစီးဌာနညွှန်ချုပ် စာစစ်ဌာနများအား စစ်ဆေး

ရန်ကုန် မတ် ၁၁

အမှတ်(၂)အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် မတ် ၉ ရက်က တာဝန်ရှိသူများ လိုက်ပါလျက် စစ်ကိုင်းမြို့ ပေါ်ရှိ တက္ကသိုလ်ဝင် စာမေးပွဲကျင်းပမည့် စာစစ်ဌာနများအား ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ညွှန်ကြားရေးမှူးချုပ်သည် စာစစ်ဌာနများ၏ မီးဘေးလုံခြုံရေး၊ သန့်ရှင်းရေးနှင့် စာဖြေခုံများ ကောင်းမွန်ရေး၊ စာမေးပွဲမေးခွန်း ဖြန့်ဝေရာတွင်စနစ်တကျရှိရေး၊စာမေးပွဲဖြေဆိုမည့် ကျောင်းသားများအား အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေး၊ စာမေးပွဲကာလအတွင်း စနစ်တကျ တာဝန်ချထားရေး၊ အရန်စာစစ်ဌာနရှိရေးတို့ကိုမှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်း စီမံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(က-ပ)**

ဖေဖော်ဝါရီလအတွင်း နိုင်ငံတစ်ဝန်းလုံး၌ မီးလောင်မှုများ

ရန်ကုန် မတ် ၁၁

၂၀၀၈ခုနှစ် ဖေဖော်ဝါရီလအတွင်း နိုင်ငံတစ်ဝန်းလုံးတွင် မီးလောင်မှု ၁၂၂ကြိမ် ဖြစ်ပွားခဲ့သည်။ ဖြစ်ပွားခဲ့သော မီးလောင်မှု ၁၂၂ ကြိမ်တွင် မီးဖိုမီး၊ ပေါ့ဆမီး ၁၀၅ ကြိမ်၊ လျှပ်စစ်မီး ၁၂ ကြိမ်၊ မသမာသူရှို့မီး ငါးကြိမ် ပါဝင်သည်။

<u>သေဆုံး</u>

ဖေဖော်ဝါရီလအတွင်းမီးလောင်မှုကြောင့် အိမ်ခြေအဆောက်အအုံ၂၃၀၇ လုံး၊ စက်ရုံ/အလုပ်ရုံ လေးရုံ၊ ဂိုဒေါင် ၁၀ လုံး မီးလောင်ခံရပြီး မီးဘေးဒုက္ခသည် ၆၃၄၉ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ လူ ၁၃ ဦးသေ၊ ၁၂ ဦးဒဏ်ရာရ၍ တိရစ္ဆာန် ၁၀၅ ကောင် သေဆုံးခဲ့သည်။

<u>ပေါ့ဆမီး</u>

မီးလောင်မှု ၁၂၂ ကြိမ်တွင် မီးဖိုမီးအပါအဝင် ပေါ့ဆမီး ၁၀၅ကြိမ်ပါဝင်သဖြင့် မီးကိုမဆင်မခြင်သုံးစွဲမှုကြောင့် ဖြစ်ပွားခဲ့သော မီးလောင်မှုများသည် မီးလောင်မှုအကြိမ် စုစုပေါင်း၏ ၈၆ ဒသမ ၀၇ ရာခိုင်နှုန်းခန့် ပါဝင်သည်ကို တွေ့ရှိရသည်။

မီးလောင်မှုအကြိမ်များကို ပြည်နယ်၊ တိုင်းအလိုက် ဆန်းစစ်ကြည့်ရာတွင် မန္တလေးတိုင်း၌ အများဆုံး၊ ရန်ကုန်တိုင်း၌ ဒုတိယအကြိမ် အများဆုံး၊ ရှမ်းပြည်နယ်၌ တတိယအကြိမ် အများဆုံးဖြစ်ပွားခဲ့သည်ကို တွေ့ရှိရသည်။

<u>တန်ဖိုး</u>

မီးလောင်မှုများ၏ ဆုံးရှုံးမှုတန်ဖိုးများကို ပြည်နယ်၊ တိုင်းအလိုက် ဆန်းစစ်ကြည့်ရာတွင် မန္တလေးတိုင်း၌အများဆုံး၊ တနင်္သာရီတိုင်း၌ ဒုတိယ ဆုံးရှုံးမှုအများဆုံးနှင့် ရန်ကုန်တိုင်း၌ တတိယဆုံးရှုံးမှု အများဆုံးဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။

<u>မန္တလေးတိုင်း</u>

မန္တလေးတိုင်း၌ မီးလောင်မှုအကြိမ်အများဆုံးဖြစ်ပွားခဲ့ရာ ဖြစ်ပွားခဲ့သည့် မီးလောင်မှု ၂၇ ကြိမ်အနက် ၂၁ ကြိမ်မှာ မီးဖိုမီးအပါအဝင် ပေါ့ဆမှုကြောင့် လောင်ကျွမ်းရသောမီးများဖြစ်သည်။

မီးသတ်ဦးစီးဌာနအနေဖြင့် ပြည်သူများ၊ မီးဘေးအန္တရာယ်အားသိရှိပြီး အစဉ်သတိပြုကာကွယ်နိုင်ကြရန်အတွက် ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်တို့မှ လည်းကောင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေး၊ ဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်း၊ တစ်အိမ်တက်ဆင်း မီးသုံးစွဲမှု စစ်ဆေးခြင်းနှင့် မီးသတိပေးဆော်ဩခြင်းများအား တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ခြင်း၊ မီးလောင်မှု အကြိမ်လျော့နည်းရန်နှင့် ဆုံးရှုံးမှုတန်ဖိုးများ လျော့နည်းစေရန်အတွက် မီးဘေးကြိုတင်ကာကွယ်တားဆီးရေး၊ စစ်ဆေးအကြံပြုခြင်းနှင့် မီးသတ်စက်/ယာဉ် ပစ္စည်းကိရိယာများ ကြံ့ခိုင်အသင့်ရှိရေး ဓာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခြင်းတို့ကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများအကြား ပိုမိုချစ်ကြည်ရင်းနှီးလာမည့် (၅)ကြိမ်မြောက် မဲခေါင်ဒေသ လူငယ်ချစ်ကြည်ရေးခရီးစဉ်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ – အေးသန္တာသိန်း(မြန်မာ့အလင်း)　　စာမျက်နှာဖွဲ့စည်းမှု – ကြည်ဝင်း

ရန်ကုန် မတ် ၁၁

လာအိုနိုင်ငံ၏ ရေအားလျှပ်စစ်ဓာတ်အား အများဆုံး ထုတ်လုပ်ပေးရာ ပြည်နယ်ဖြစ်သည့် လောင်ပရာဘန်ပြည်နယ်ကို လေယာဉ်ထက်မှ မြင်တွေ့နေရပြီ။ တောင်ကုန်းတောင်တန်းများအကြားရှိ လှေကားထစ် စိုက်ခင်းလေးများမှာ စိုပြည်စိမ်းလန်းလျက်ရှိသည်။ လောင်ပရာဘန်ပြည်နယ်မှာ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လေ့လာ အပန်းဖြေရာ ဒေသတစ်ခုလည်းဖြစ်သည်။ လောင်ပရာဘန်လေဆိပ်၌ ဘင်ခရာအဖွဲ့နှင့်အတူ ကျောင်းသားကျောင်းသူလေးများက အလံများ ကိုင်ဆောင်ဖော့ယမ်းလျက် မဲခေါင်ဒေသတွင်း လူငယ်ချစ်ကြည်ရေး အဖွဲ့များအား ကြိုဆိုနေကြသည်။

လေဆိပ်မှ တည်းခိုရာဟိုတယ်သို့ ကားများဖြင့် မောင်းနှင်ထွက်ခွာလာခဲ့သည်။ လမ်းဘေးဝဲယာရှိ ရှုမျှော်ခင်းများကို ကြည့်ရင်း မိမိတို့နိုင်ငံမှ ရှမ်းပြည်နယ်သို့ ရောက်နေသည်ဟုပင် ထင်နေရသည်။ တည်းခိုရာနေရာ အခက်အခဲကြောင့် မဲခေါင်မြစ်ဝှမ်းဒေသတွင်း လူငယ် ကိုယ်စားလှယ်များမှာ ဟိုတယ်များခွဲ၍ တည်းခိုခဲ့ကြရသဖြင့် လာအိုနိုင်ငံမှ သူငယ်ချင်းများမှာ စိတ်မကောင်း ဖြစ်ရကြောင်း လာရောက်ပြောကြားကြသည်။

အမှတ်တရ

လက်မှုပစ္စည်းများကို အဓိကရောင်းချသော လောင်ပရာဘန်ပြည်နယ်လေးရှိ ညဈေးမှာ စည်ကားလှသည်။ ယင်းညဈေးလေးမှာ ညနေ ၄နာရီမှ ည၁၁နာရီအတွင်းသာ ဖွင့်လှစ်ရောင်းချသော ဈေးလေးဖြစ်သည်။ ဈေးတစ်လျှောက် ရောင်းချနေကြသော ပစ္စည်းများမှာ လာအိုရိုးရာချည်ထည်များနှင့် ခြုံစောင်များ၊ ပဝါများ၊ ပန်းပုပစ္စည်းများပင် ဖြစ်သည်။ ညဈေးအတွင်း လာရောက်ကြည့်ရှုဝယ်ယူသူအများစုမှာ နိုင်ငံခြားသားဧည့်သည်များပင်။ ၎င်းတို့အိမ်ပြန်လက်ဆောင်အတွက် အမှတ်တရ လက်ဆောင်ပစ္စည်းများကို ရွေးချယ်ဝယ်ယူနေကြသည်။ ညဈေးမှတည်းခိုရာ ဟိုတယ်သို့ ပြန်ရောက်တော့ ည၉နာရီခွဲသွားပြီ။

လောင်ပရာဘန် ပြည်နယ်ရှိ နာမည်ကျော် ဝပ်ဇင်းတုန်း ဘုရားကျောင်းသို့ ဇန်နဝါရီ ၂၅ရက်၌ ရောက်ရှိသွားခဲ့သည်။ ဘုရားကျောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြော်ကြည်ညိုပြီး ဘုရားကျောင်းနောက် အနည်းငယ် လျှောက်လိုက်တော့ မြစ်

ဗီယက်နမ်နိုင်ငံသို့ဆက်လက်ထွက်ခွာမည့် မဲခေါင်လူငယ်အဖွဲ့အား လာအိုနိုင်ငံ လောင်ပရာဘန်လေဆိပ်၌ လာအိုကျောင်းသားကျောင်းသူလေးများက သက်ဆိုင်ရာ နိုင်ငံအလံများ ကိုင်ဆောင်လျက်လိုက်ပါပို့ဆောင်နှုတ်ဆက်ကြစဉ်။

ဆိပ်တစ်ခုကို တွေ့လိုက်ရသည်။ ယင်းမြစ်ဆိပ်သည်ကား မိမိတို့ ခရီးစဉ်အတွင်းရှိ နိုင်ငံများအားလုံးကို ဖြတ်သန်းစီးဆင်းရာ မဲခေါင်မြစ်ဆိပ်ပင် ဖြစ်သည်။ စက်တပ်မော်တော်များမှာလည်း မြစ်အတွင်း ခုတ်မောင်းပြေးဆွဲလျက်ရှိသည်။

ကွမ်စီးရေတံခွန်

မဲခေါင်မြစ်ဆိပ်မှ ကားဖြင့် တစ်နာရီနီးပါး သွားရောက်ခဲ့ရာ ကွမ်စီးရေတံခွန်သို့ ရောက်ရှိခဲ့ပြီ။ ရေတံခွန်သို့ရောက်တော့ အဖွဲ့ဝင်အားလုံး ကားပေါ်မှဆင်းကာ ကွမ်စီးရေတံခွန် အနီးဝန်းကျင်တစ်ဝိုက် အုပ်စုလိုက်ဓာတ်ပုံရိုက်ကြ၊ တစ်ဦးချင်း ဓာတ်ပုံရိုက်ကြဖြင့် အလွန်ပျော်ရွှင်နေကြသည်။ ကွမ်စီးရေတံခွန်၌သုံးဆောင်ခဲ့သော နေ့လယ်စာမှာ မြန်မာ့ရိုးရာ ထမင်းဟင်းနှင့် အလွန်တူရာ မြန်မာလူငယ်အဖွဲ့အနေဖြင့် ခရီးစဉ်တစ်လျှောက်အနှစ်သက်ဆုံးပင် ဖြစ်သည်။

ကွမ်စီးရေတံခွန်မှ ကားရပ်နားရာ စခန်းဆီသို့ တောလမ်းလေးအတိုင်း ပြန်လာခဲ့ကြသည်။ ရေတံခွန်အနီးဝန်းကျင်တွင်လည်း ဝက်ဝံနှင့်ကျားများ မွေးမြူထားသည်ကို တွေ့ခဲ့ရသည်။

လက်မှုပစ္စည်းများ ထုတ်လုပ်ရာ Sang Kong ကျေးရွာသို့လည်း သွားရောက် လေ့လာခဲ့သေးသည်။ လာအိုရိုးရာ ချည်ထည်နှင့်စောင်များ၊ သစ်ခေါက်များမှနေ၍ မိုင်းကိုင်စက္ကူပြုလုပ်နေမှုကို လက်တွေ့ လေ့လာကြည့်ရှုခဲ့ကြသည်။ မိုင်းကိုင်စက္ကူများပြုလုပ်ရာ၌ အလှအိတ်များ ပြုလုပ်ရာတွင် အသုံးပြုရန်အတွက် သဘာဝပန်းနှင့် သစ်ရွက်များဖြင့်ပါ အလှဆင်ပြုလုပ်လျက်ရှိသည်။

လာအိုနိုင်ငံအတွင်း မဲခေါင်ဒေသတွင်း လူငယ်ချစ်ကြည်ရေး အဖွဲ့ဝင်များအနေဖြင့် ဇန်နဝါရီ ၂၆ရက် နံနက် ၅ နာရီခွဲ၌ စုပေါင်းကုသိုလ်ကောင်းမှုတစ်ခု လုပ်ခွင့်ရကြသည်မှာ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များအား အရုဏ်ဆွမ်းလောင်းလှူပွဲသို့ အတူတကွ သွားရောက်လှူဒါန်းခဲ့ရခြင်းပင် ဖြစ်သည်။

ကြိုဆိုနှုတ်ဆက်

Soupa Nou Vong တက္ကသိုလ်သို့ လေ့လာရေးခရီး ဆက်လက်သွားရောက်ခဲ့ကြသည်။ တက္ကသိုလ်မုခ်ဦးမှနေ၍ ဘွဲ့နှင်းသဘင် ခန်းမဆောင်ကြီးတစ်လျှောက် တက္ကသိုလ်ကျောင်းသားကျောင်းသူများက မိမိတို့ အဖွဲ့ဝင်များအား ကြိုဆို နှုတ်ဆက်ခဲ့ကြသည်။ တက္ကသိုလ်အတွင်း ကျောင်းသား ကျောင်းသူများ၏ အကပဒေသာ ဖျော်ဖြေပွဲ ပြီးဆုံးသည်နှင့် လူငယ်များအကြား ချစ်ကြည်ရင်းနှီးမှုများ ပိုမိုများပြားလာစေရန် တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် မိမိတို့အဖွဲ့ဝင်များမှာ လာအို တေးသီချင်းများဖြင့် အတူသီဆို ကပြဖျော်ဖြေခဲ့သည်မှာ အားလုံးအတွက် အမှတ်ရစရာပင်။

လာအိုနိုင်ငံ Soupa Nou Vong တက္ကသိုလ်၌ မြန်မာလူငယ်အဖွဲ့ ချစ်ကြည်ရေးအထိမ်းအမှတ် သစ်ပင်စိုက်ပျိုးခဲ့ကြစဉ်။

အထိမ်းအမှတ်သစ်ပင်စိုက်

Soupa Nou Vong တက္ကသိုလ်ရှိ စာကြည့်တိုက်ရှေ့၌ နိုင်ငံအလိုက် ချစ်ကြည်ရေး အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးခဲ့သည်။ မိမိတို့စိုက်ပျိုးခဲ့သည့် သစ်ပင်လေး ရှင်သန်ကြီးထွားလာသည်နှင့်အညီ အဖွဲ့ဝင်နိုင်ငံများ၏ ချစ်ကြည်ရင်းနှီးမှုများမှာလည်း ပိုမိုရှင်သန်ကြီးထွားလာမည် ဖြစ်ပေသည်။

လာအိုနိုင်ငံ လောင်ပရာဘန်ပြည်နယ်ရှိ ကွမ်စီးရေတံခွန်၏ အလှကို ဤသို့ တွေ့ရသည်။

ရှေးခေတ် ဘုရင်အသုံးအဆောင်ပစ္စည်းများ၊ တူရိယာပစ္စည်းများနှင့် ရှေးခေတ် ဗုဒ္ဓရုပ်ပွားတော်များ ပြသထားရာ လာအိုယဉ်ကျေးမှု ပြတိုက်အတွင်း ခဏတာဝင်ရောက်ကြည့်ရှုခွင့်ရရှိခဲ့သည်။

ဟန္နွိုင်းသို့

လောင်ပရာဘန် လေဆိပ်မှ VN 868 လေယာဉ်ဖြင့် နောက်ဆုံးခရီးစဉ်ဖြစ်သည့် ဗီယက်နမ်နိုင်ငံ ဟန္နွိုင်းမြို့သို့ ဆက်လက် ထွက်ခွာလာခဲ့သည်။

ဟန္နွိုင်း အပြည်ပြည်ဆိုင်ရာလေဆိပ်ရောက်တော့ ညနေ၅နာရီခွဲကျော်ပြီ။ မိမိတို့အဖွဲ့ရောက်သည့်နေ့၌ ဟန္နွိုင်းမြို့၏ အအေးဓာတ်မှာ ၁၂ဒီဂရီစင်တီဂရိတ်။ လေဆိပ်မှ တည်းခိုရာဟိုတယ်ရောက်တော့ ည၇နာရီပင် ထိုးပေပြီ။

မဲခေါင်ဒေသ လူငယ်ချစ်ကြည်ရေး ခရီးစဉ်၏ နောက်ဆုံးနှုတ်ဆက် ညစာစားပွဲကို တည်းခိုရာ TAY Hong ဟိုတယ်၌ပင် ကျင်းပပေးခဲ့သည်။ နောက်တစ်နေ့မှာဖြင့် အဖွဲ့ဝင်အားလုံး အဖို့ သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ပြန်လည်ထွက်ခွာကြရမည်ဖြစ်ရာ အားလုံး၏ စိတ်တွင်းကိုယ်စီမှာဖြင့် ဝမ်းနည်းနေကြသည်ပင် ဖြစ်သည်။

ခင်မင်ရင်းနှီးခဲ့

ခရီးစဉ်အားလုံး ပြီးဆုံးသွားပြီဖြစ်၍ ဇန်နဝါရီ ၂၇ရက် နံနက်ပိုင်း၌ပင် ဟန္နွိုင်း အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မိမိတို့၏ အမိမြေ မြန်မာပြည်သို့ ပြန်လည်ထွက်ခွာလာခဲ့ကြသည်။ ၁၅ရက်တာ ခရီးစဉ်အတွင်း ခင်မင်ရင်းနှီးခဲ့သော သူငယ်ချင်းများကိုဖြင့် တစ်နေ့နေ့ တစ်ကြိမ်ကြိမ်မှာတော့ ပြန်တွေ့ချင်သည့် ဆန္ဒကမူ ရှိနေဆဲပင်....။ ။

(မြန်မာ့အလင်း)

လာအိုနိုင်ငံ လောင်ပရာဘန်ပြည်နယ်ရှိ Soupa Nou Vong တက္ကသိုလ်ကို ဤသို့ တွေ့ခဲ့ရသည်။

ခရီးစဉ်အတွင်း ခင်မင်ရင်းနှီးခဲ့သော သူငယ်ချင်းများကိုဖြင့် တစ်နေ့နေ့ တစ်ကြိမ်ကြိမ်မှာတော့ ပြန်တွေ့ချင်သည့် ဆန္ဒကမူ ရှိနေဆဲပင်....။

စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့် ဖေဖော်ဝါရီ ၁၅ရက်က ကျိုင်းလပ်မြို့ စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် အရှည်တစ်ဖာလုံ ကျောက်ချောခင်းသည့် ခွာညီလမ်းအား စစ်ဆေးရာ မြို့တာဝန်ခံ ဦးအောင်ရွှေက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လှူဒါန်း

ရန်ကုန်တိုင်း သာကေတမြို့နယ် ၇ ရပ်ကွက် ဇိနမာရ်အောင်စေတီ အနီး မိုးကုတ်ဝိပဿနာ သုညတဓမ္မ ကျောင်းတိုက်အတွင်းမဂ္ဂဓမ္မ လေး ထပ်ကျောင်းဆောင်အတွက် မတည် အလှူရှင် သာကေတမြို့နယ် မြို့မ ဖလမ်းနေ ဦးချစ်ဦး-ဒေါ်ဝင်းခင် မိသားစုကအလှူငွေကျပ်တစ်သိန်းကို သုညတဓမ္မဆရာတော် ဦးစန္ဒသေန ထံ လှူဒါန်းစဉ်။ (က-ပ)

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီမြို့နယ် အထက(၂)၌ ဖေဖော်ဝါရီ၁၈ရက်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အောင်သန်းမော်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောစဉ်။ (ခရိုင် ပြန်/ဆက်)

ရန်ကုန်တိုင်း ထန်းတပင်မြို့ ဘုရင့်နောင်လမ်း ကတ္တရာခင်းရန် ကျောက်များ စုဆောင်းထားရှိမှုကို ဖေဖော်ဝါရီ ၂၂ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးခင်မောင်ချို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြွေလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကြည်စင်တို့က ရှင်းလင်းတင်ပြစဉ်။ (က-ပ)

စာကြည့်တိုက်သို့ ပရိဘောဂများ လှူဒါန်း

ကလေး ဖေဖော်ဝါရီ ၂၅

ကလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်သည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး အတွက် ဟောပြောပွဲနှင့်စာကြည့်တိုက်သို့ ပရိဘောဂလှူဒါန်းပွဲ အခမ်းအနား ကို ဖေဖော်ဝါရီ ၁၇ရက်က ကလေး မြို့နယ် ပျဉ်းခုံကြီးကျေးရွာ၌ ကျင်းပ သည်။

လှူဒါန်း

အခမ်းအနားတွင် ဦးစီးမှူး ဦးဒိုင်ကျင့်ပါအိုက စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ ခေါင်းစဉ်ဖြင့် ဟောပြောပြီးနောက် ဦးဗန်ရှီထန်းက ပညာဘဏ်စာကြည့်တိုက်အတွက် ငွေကျပ် ငါးသောင်းတန်ဖိုးရှိ စားပွဲတစ်လုံးနှင့် ခုံတန်းလျားနှစ်လုံး လှူဒါန်းသည်။ အလားတူ ဖေဖော်ဝါရီ ၁၆ရက်က ယောက်ချိကွင်း ကျေးရွာ၌ ကျင်းပရာ အလှူရှင်ရှစ်ဦးက ငွေကျပ် ၃၃၀၀၀ လှူဒါန်းကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မီးငြှိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်

ဝမ်းတွင်း ဖေဖော်ဝါရီ ၂၈

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဦးမျိုးမင်းသန့်၊ ဒုတိယဦးစီးမှူး(ဈေး) ဦးဆန်းဝင်းနှင့်ဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်များ ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၈ရက်က အဖွဲ့ပိုင် သဲတောဈေးတွင် မီးဘေးကြိုတင် ကာကွယ်ရေး အတွက် မီးငြှိမ်းသတ်မှု သရုပ်ပြဇာတ်တိုက် လေ့ကျင့်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မူလတန်းကြို ကျောင်းဆောင်သစ်ဖွင့်

တာချီလိတ် ဖေဖော်ဝါရီ ၂၂

လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု တာချီလိတ်မြို့ တာလော့ရပ်ကွက် ကိုယ့်အားကိုယ်ကိုး မူလတန်းကြို ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ကျောင်းဆောင်သစ် အား ကျောင်းကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ ဦးဘိုလေး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မျိုးချစ်၊ တာချီလိတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ လူမှုရေးနှင့် ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင် ဒေါ်သိန်းသိန်းအေး တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ကျောင်းဆောင်သစ် ဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီခဲ့ကြသော အလှူရှင်များအား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှူဒါန်း

အဆိုပါ ကျောင်းဆောင်သစ်သည် အလျား ပေ၆၀၊ အနံပေ၃၀ရှိ အုတ်စီ၊ သွပ်မိုးအဆောက်အအုံဖြစ်ပြီး အလှူရှင်များ၏စုပေါင်းထည့်ဝင်ငွေ စုစုပေါင်း ကျပ်သိန်း ၁၂၀ဖြင့် တည်ဆောက် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ဝ၁၆)

ပညာရှေ့ဆောင် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ကျိုက်ထို ဖေဖော်ဝါရီ ၁၆

ကျိုက်ထိုမြို့နယ် တောင်ပိုင်းရပ်ကွက် ပညာရှေ့ဆောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် တီဗွီ၊ ရေဒီယို၊ စာအုပ်စာစောင်နှင့် အလှူငွေ ပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ရက်က အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဆက်လက်၍ တောင်ပိုင်းရပ်ကွက် ရပ်မိရပ်ဖများက ၂၁လက်မ တီဗွီ တစ်လုံး၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ရေဒီယို ကက်ဆက်တစ်လုံး၊ အလှူရှင်များစုပေါင်း၍ ငွေပဒေသာပင်စိုက်ထူရန်အတွက် အလှူ ငွေကျပ်ခုနစ်သောင်း၊ ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက စာအုပ်၅၀၊ ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့က စာအုပ် ၅၀စီလှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

(မြို့နယ် ပြန်/ဆက်)

မကွေးတိုင်း စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြား ရေး မှူး ဦး ဆန်း မော် ခင် ဖေဖော်ဝါရီ ၁၈ ရက်က တောင်တွင်းကြီးမြို့နယ် စည်ပင် သာယာရေးအဖွဲ့၏မြို့ရေ ပေးရေးလုပ်ငန်း ဆောင်ရွက်မှုကို စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ချောလမ်းခင်း

ကျိုင်းတုံ ဖေဖော်ဝါရီ ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံ မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဝမ်ဟကျေးရွာ ကျောက်ချောလမ်း ခင်းခြင်းဆောင်ရွက်မှုကို ဇန်နဝါရီ ၁ရက်က ပြည်နယ်စည်ပင်သာယာ ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေး ဆွေနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်တို့က လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

(မြို့နယ်စည်ပင်)

ပေါင်မြို့ ကဒါမြို့သစ်လမ်းမတော်လမ်းမကြီး ကတ္တရာထပ်ပိုးလွှာ လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ရက်က အဆိုပါမုခ်ဦးရှေ့၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမြနှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်လှတို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မီးသတိပြု

ရွှေဘို ခရိုင် ဥက္ကဋ္ဌ နှင့် အမှု ဆောင် အ ရာ ရှိ ဦး နီ ထွန်း တို့ ဦးဆောင်၍ ရွှေဘို မြို့နယ် စည်ပင် သာယာရေး အဖွဲ့ ဆောင်ရွက်ပြီးစီး ခဲ့သော မင်းလှ ကျော်ထင် ကတ္တရာ လမ်းဖွင့်ပွဲ အခမ်း အနားကို ဖေဖော် ဝါရီ ၁၂ရက်က ကျင်းပစဉ်။ (မြို့နယ်စည်ပင်)

12-3-08 (15).pmd 1 3/12/2008, 12:18 AM

ရန်ကုန် တောင်ပိုင်းခရိုင် သန်လျင်မြို့ အုတ်ဖိုစု ရပ်ကွက် မူလဟံသာဝတီ ကမ္မဋ္ဌာန်းကျောင်းတိုက်အတွင်း သာသနာဝိပုလကာရီ သိမ်ကျောင်းဆောင်အတွက် မတည်အလှူရှင် ဖခင် ဦးဆာလေ-မိခင် (ဒေါ်လှ)တို့အား အမှူးထား၍ကိုသိန်းလွင်၊ မမြင့်မြင့်ဝေ မိသားစု အမှတ် (၂၃) ဝိဇ္ဇာလမ်း အုတ်ဖိုစုရပ်ကွက် သန်လျင်မြို့နယ်က အလှူငွေ ကျပ် ၁၅ သိန်းကို မူလ ဟံသာဝတီ ကမ္မဋ္ဌာန်းကျောင်း တိုက်ဆရာတော် ဦးနန္ဒပါလထံ ဆက်ကပ်လှူဒါန်းစဉ်။
(က-ပ)

အသံမစဲ နိကာယ်ငါးရပ် ရွတ်ဖတ်ပူဇော်ပွဲ

ဝါးခယ်မ ဖေဖော်ဝါရီ ၂၀

ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် ကျုံစိန်စံပြကျေးရွာ အောင်မြိုင်တောရကျောင်းတိုက်၌ ပထမအကြိမ်မြောက် ကျင်းပသည့် အသံမစဲ နိကာယ်ငါးရပ် ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ **(အပေါ်ပုံ)** နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တစန္ဒောဘာသ၊ အောင်မြိုင်တောရကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာစာရ (သာသနဓဇ ဓမ္မာစရိယ) နှင့် မြို့နယ် သံဃနာယကအဖွဲ့ဝင် ဆရာတော်များ၊ ပင့်သံဃာတော်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်လွင်နှင့် အလှူဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြသည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်က နိကာယ်ငါးရပ်အကြောင်း ဟောကြားပြီး ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရွတ်ဖတ်ပူဇော်

နိကာယ်ငါးရပ်ရွတ်ဖတ်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၇ ရက်မှ ၁၃ ရက်အထိ ခုနစ်ရက်တိုင်တိုင် သံဃာအပါး ၃၀ တို့က အသံမစဲ ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။
(၃၇၆)

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မတ် ၄ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဥက္ကဋ္ဌ ဦးနိုင်ဝင်းကြီးကြပ်မှုဖြင့် ၂၉ ရပ်ကွက် အမက(၁၁)ကျောင်းရှေ့လမ်းအား အကျယ် လေးပေ၊ အရှည်ပေ ၁၀၀၀လမ်းကို အုတ်ကျိုးခင်းခြင်းအား ရပ်မိရပ်ဖ ဦးလှအောင်၊ မြို့နယ်ကြက်ခြေနီတပ်ရင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွေး၊ ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတွဲဖက် စည်းရုံးရေးမှူး ဦးခင်ဝင်းနှင့် စေတနာရှင်ပြည်သူများ စုပေါင်းဆောင်ရွက်ကြစဉ်။ (က-ပ)

မင်းလှ၌ စက်ရေတွင်းဖွင့်

မင်းလှ မတ် ၁၀

ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ခဲ့သည့် သပြေစမ်းကျေးရွာ နှစ်လက်မ စက်ရေတွင်း၊ ရေစက်ရုံနှင့် ရေကန်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၂၃ ရက်၌ကျင်းပရာ တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်က စက်ရေတွင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့် အမှုဆောင်အရာရှိ ဦးစိုးမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

လင်းခေး၌ အားကစားပြိုင်ပွဲကျင်းပ

လင်းခေး ဖေဖော်ဝါရီ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ပြည်ထောင်စုနေ့ အထိမ်းအမှတ်အားကစားပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီခွဲက ဈေးတန်းရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ မြို့ပေါ်ရပ်ကွက်များမှ ကျောင်းသားကျောင်းသူစုစုပေါင်း ၅၀ ဝင်ရောက် ယှဉ်ပြိုင်ကြပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မိမိခင်နှင့်အဖွဲ့ဝင်များက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြို့နယ်သတင်းများ

ဖေဖော်ဝါရီ ၁၆ ရက်က မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၇-၂၀၀၈ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော မြင်ကွန်း၊ စိုင်ကျ ကျေးရွာချင်းဆက် ကျောက်ချောလမ်း အရှည် သုံးမိုင် ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင်န ကြီးကြပ်ဆောင်ရွက်ရာ လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးကြည်စိုးက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လုပ်ငန်းများဆောင်ရွက်

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြ စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပမှုရှိစေရေးအတွက် အဓိကလမ်းမကြီးတစ်ခုဖြစ်သော ဗိုလ်ချုပ်လမ်းတစ်လျှောက် ရွှေဆံတော်ဘုရားကြီးရှေ့ ရေနုတ်မြောင်းအား အမိုက်သရိုက်နှင့် ရွှံ့နွံဆယ်ခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၀ ရက်က ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(သန့်) ဦးဖြိုးဝေအောင် ကြီးကြပ်၍ လုပ်ငန်းများဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ခါးသျှိ-မိုင်းကျိုင်း ကျေးလက်ကျောက်ချောလမ်း ပြီးစီးမှုကို ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့် ကွင်းဆင်းစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ

နေပြည်တော် မတ် ၁၀

နေပြည်တော် ဗဟိုစာတိုက်ကြီးတွင် မတ် ၁ ရက်က ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ထမ်းများအား ရှေးဦးမီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများအသုံးပြု ငြိမ်းသတ်ခြင်းသင်တန်း၊ လက်တွေ့ မီးငြိမ်းသတ်ခြင်းနှင့် မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲကို မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းကျော်ကျော်၊ ဦးစီးအရာရှိ ဦးမျိုးထွဋ်ဦးတို့ ပူးပေါင်းဖွင့်လှစ်ခဲ့ရာ အခမ်းအနားသို့ ဗဟိုစာတိုက်ကြီးမှ ဒုတိယအထွေထွေမန်နေဂျာ ဦးထွန်းဝေ၊ လက်ထောက် အထွေထွေမန်နေဂျာများနှင့် ဝန်ထမ်းအင်အား ၄၀ တက်ရောက်ကြသည်။ **(အောက်ပုံ)** (က-ပ)

ကျေးရွာစာဖတ်ဝိုင်း ကျင်းပ

ဆော ဖေဖော်ဝါရီ ၁၅

ဆောမြို့နယ် လက်မွန်၊ ကျောက်စစ်ကျေးရွာများတွင် စာဖတ်ဝိုင်းများကျင်းပရာ ဖေဖော်ဝါရီ ၈ရက်က လက်မွန်ရွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ စိုးမြကျော်၏ အနာဂတ်နိုင်ငံတော် တည်ဆောက်မှုပုံသဏ္ဌာန်နှင့် ဥပဒေပြုအသွင်သဏ္ဌာန် အနှစ်သာရဆောင်းပါးကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ငွေနှင့် မူအုပ်(အငြိမ်းစား) ဦးသန်းဗိုလ်တို့က ဖတ်ကြားကြသည်။ အလားတူ ဖေဖော်ဝါရီ ၆ရက်တွင် ကျောက်စစ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းစိုးနှင့် မူပြဆရာမ ဒေါ်သိန်းခံတို့က ဖတ်ကြားကြသည်။ ထို့နောက် စာဖတ်ဝိုင်းတွင် မြို့နယ်ရုံးမှ ဓာတ်ပုံကျွမ်းကျင်(၂) ဦးလှစိုးက စာဖတ်ခြင်းအကျိုး ငါးဆယ် စာတမ်းကို ဖတ်ကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်က ဖြည့်စွက်ဆွေးနွေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ်(၁)စက်မှုဝန်ကြီးဌာန
မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း
ထုတ်လုပ်ရေးကျွမ်းကျင် (၄)
ဝန်ထမ်းနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ အမှတ် (၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ရေနီအမှတ် (၂)စက္ကူစက်ရုံတွင် လစ်လပ်လျက်ရှိသော လစာနှုန်း ၂၇၀၀ဝိ-၁၀၀ဝိ-၃၂၀၀ဝိ တန်း၊ ထုတ်လုပ်ရေးကျွမ်းကျင် (၄)ရာထူးနေရာများအတွက် လျှောက်လွှာများ အလိုရှိပါသည်။

၂။ အဆိုပါရာထူးနေရာအတွက် အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) A.G.T.I ဒီပလိုမာလက်မှတ်ရ၊ စိုက်ပျိုးရေးဒီပလိုမာလက်မှတ်ရ၊ အခြားဘွဲ့ ရရှိပြီးသူများ ဖြစ်ရမည်။

(ဂ) လျှောက်ထားသူသည် ကျန်းမာသန်စွမ်းသူဖြစ်ပြီး ၃၁-၁-၂၀၀၈ ရက်တွင် အသက်(၃၀)ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်ထားလိုသူများသည် ကိုယ်ရေးအကျဉ်း၊ ပတ်စပို့အရွယ်ဓာတ်ပုံ (၃)ပုံ၊ ဒီပလိုမာလက်မှတ်၊ ဘွဲ့ရလက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်း ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ကျန်းမာရေးကောင်းမွန်ကြောင်းထောက်ခံချက်နှင့်အတူ ရေနီအမှတ် (၂)စက္ကူစက်ရုံသို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

၄။ အသေးစိတ်သိလိုပါက မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ နေပြည်တော် ဖုန်းနံပါတ် ၀၆၇-၄၀၈၂၈၀နှင့်ရေနီအမှတ် (၂)စက္ကူစက်ရုံ ဖုန်းနံပါတ်-၀၆၇-၃၀၅၁၄တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ်(၁)စက်မှုဝန်ကြီးဌာန
မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း
ထုတ်လုပ်ရေးကျွမ်းကျင်(၄)
ဝန်ထမ်းနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ရေနီအမှတ်(၂)စက္ကူစက်ရုံတွင် လစ်လပ်လျက်ရှိသော လစာနှုန်း ၂၇၀၀ဝိ-၁၀၀ဝိ-၃၂၀၀ဝိတန်း၊ ထုတ်လုပ်ရေးကျွမ်းကျင်(၄) ရာထူးနေရာများအတွက် လျှောက်လွှာများအလိုရှိပါသည်။

၂။ အဆိုပါ ရာထူးနေရာအတွက် အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၁၀တန်းအောင်၊ T.H.S အောင်လက်မှတ် ရရှိပြီးသူများ ဖြစ်ရမည်။

(ဂ) လျှောက်ထားသူသည် ကျန်းမာသန်စွမ်းသူဖြစ်ပြီး ၃၁-၁-၂၀၀၈ ရက်တွင် အသက်(၃၀)ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်ထားလိုသူများသည် ကိုယ်ရေးအကျဉ်း၊ ပတ်စပို့အရွယ်ဓာတ်ပုံ(၃)ပုံ၊ ၁၀တန်းအောင်လက်မှတ်၊ T.H.S အောင်လက်မှတ်၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံချက်နှင့်အတူ ရေနီအမှတ်(၂)စက္ကူစက်ရုံသို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

၄။ အသေးစိတ်သိလိုပါက မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ နေပြည်တော် ဖုန်းနံပါတ်- ၀၆၇-၄၀၈၂၈၀ နှင့် ရေနီအမှတ်(၂)စက္ကူစက်ရုံ၊ ဖုန်းနံပါတ်- ၀၆၇-၃၀၅၁၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ဝမ်းတွင်းမြို့နယ်တရားရုံး ၂၀၀၈ ခုနှစ် တရားမဇာရီမှုအမှတ်-၂၇

ဘဏ်ခွဲမန်နေဂျာ	**နှင့်**	၁။ ဒေါ်ကျင်မိ
မြန်မာ့စီးပွားရေးဘဏ် ဝမ်းတွင်းမြို့။		၂။ ဦးအောင်မြင့်
တရားနိုင်		**တရားရှုံးများ**

၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၃၂ တွင် ရရှိသောဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ ခုနှစ် ဧပြီ ၂၉ ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် တန်ခူးလပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့ အမှတ်(၂)ရပ်ကွက် ကွင်း(မြို့ကွက်အမှတ်-ဒီ)၊ ဦးပိုင် (ဒီ ၉၊ ဒီ ၁၀)၊ မြေကွက်(၉၊ ၁၀)၊ ဧရိယာ ၀ဒသမ၀၈ဧကေရှိမြေနှင့် ယင်းမြေပေါ်ရှိ တစ်ထပ်တိုက် (၂၇ x၂၇) ပေ၊ သွပ်မိုး၊ နံကပ်၊ ကွန်ကရစ်ခင်း၊ ဆန်စက်ရုံ(၁၇x၁၄)ပေ၊ သွပ်မိုး၊ နံကပ်၊ ကွန်ကရစ်ခင်းနှင့် (၁၀x၆)ပေ ရေချိုးခန်း၊ ရေအိမ်သာ။ **လေလံကြမ်းခင်းဈေး ကျပ်သိန်း၇၀။**

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အေးအေးထွန်း(တ/၂၀၅၇) တွဲဖက်မြို့နယ်တရားသူကြီး
ဝမ်းတွင်းမြို့နယ်တရားရုံး။



ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာတင်ဝင်းမောင်
ညွှန်ကြားရေးမှူးချုပ်
အသက်(၅၉)နှစ်

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်သည် ၉-၃-၂၀၀၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

ဆေးရုံအုပ်ကြီး
ကလေးဆေးရုံကြီး၊ ဝန်ထမ်းမိသားစု။

ရဟန်း၊ကျောင်းအမကြီး
ဒေါ်ကြည်နွဲ့ ဒေးဒရဲ (ကုန်းတန်းကြီး)
အသက်(၆၉)နှစ်

ရန်ကုန်တိုင်း၊တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ သူရဥလမ်း၊အမှတ် ၁၂၄နေ (ဦးအောင်တင်-ဒေါ်ခင်လှ)တို့၏ သမီး၊ (ဦးသိန်း)၏ဇနီး၊ ဦးသန်းဦး၊ဦးဝင်းမော်(C.H. Line)၊ ဦးဇော်ထွန်းနိုင်(MD.Cashew Trading Co., Ltd.)-ဒေါ်ဝင်းမာကြည်၊ ဦးကျော်ကျော် ဦး-ဒေါ်သီသီလွင်၊ ဦးအောင်ကျော်မိုး (တွဲဖက် မြို့နယ်တရားသူကြီး၊ သန်လျင်မြို့နယ်တရားရုံး) - ဒေါ်ခိုင်ခိုင်လေး (တွဲဖက်မြို့နယ်တရားသူကြီး) (ခေတ္တ-ဂျပန်)၊ ကိုမိုးသူအောင်တို့၏မိခင်၊ မောင်အောင်ပြည့်ကျော်(Grade-II ၊အထက-၁၊ဗဟန်း)၊ မမိုးချမ်းမြေ့ခင်(Grade - II, TTC)တို့၏အဘွားသည် ၈-၃-၂၀၀၈ရက် နံနက် ၇း၁၅နာရီတွင်ကွယ်လွန်သွားပါ၍ ၁၂-၃-၂၀၀၈ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ ကျောင်း၊ဇရပ်၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
ဒေါ်ကျင်မို(ခ)ဒေါ်ကြင်ကြင်
ကျိုက်လတ်မြို့ (ဦးရွှေလင်း- ဒေါ်ကြင်ကြင် အီလက်ထရွန်နစ်)
အသက် (၇၇)နှစ်

ကျိုက်လတ်မြို့နေ(ဦးကြိုင်-ဒေါ်ချစ်သွယ်)တို့၏ သမီး၊ ရန်ကုန်မြို့ အမှတ်(၁၀/ခ) စမုံလမ်း ဒဂုံမြို့နယ်နေ (ဦးရွှေလင်း)၏ဇနီး၊ [ဦးကျင်ဝက်(ခ) ဦးမင်းဟန်]-ဒေါ်သန်းသန်းအေး၏ အစ်မ၊ ဦးကျော်ညွန့်-မလင်း(Hotel KParadise၊ကျော်စီးပွားရေးလုပ်ငန်းစု)၊ ဦးအောင်ဦး-ဒေါ်လှလှဝင်း (ခ) မဝေဝေ (ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်း၊ BMT Computer)၊ (ဦးအောင်သန်း)၊ [ဦးစိန်မင်း(ခ)မိုင်မိုင်း]၊ ဦးစိန်ထွန်းလင်း (ခ) ဦးစိန်မင်း-ဒေါ်စုစုလှိုင်၊(ဦးရွှေလင်း-ဒေါ်ကြင်ကြင် အီလက်ထရွန်နစ်)တို့၏ မိခင်၊ မောင်အာကာကျော်၊ မောင်ကျော်စိုးဟန်(ခ)ဘိုဘို၊ မောင်ရန်ပိုင်ဦး (ခ)ပိုင်ပိုင် အထက (၁)လသာ၊ မယွန်းလဲ့လဲ့ဝေ(ခ)လီဟွား (IECM)၊ မစိမ့် စန္ဒီထွန်း(ခ) မေဟွား (PIEC)၊ မအိစန္ဒာထွန်း(ခ)ကျင်ဟွား (PIEC)၊ မောင်မင်းမြတ်သူ(ခ) ကိုင်ကိုင်း (YIEC)တို့၏ အဘွားသည် ၈-၃-၂၀၀၈ရက်(စနေနေ့)ည ၁၀း၁၅ နာရီတွင် ရွှေဗဟို အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၀၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ်(၁)စက်မှုဝန်ကြီးဌာန
မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း
လုပ်သားအထွေထွေ
ဝန်ထမ်းနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ရေနီအမှတ်(၂)စက္ကူစက်ရုံတွင် လစ်လပ်လျက်ရှိသော လစာနှုန်း ၁၅၀၀ဝိ-၁၀၀ဝိ-၂၀၀၀ဝိတန်း၊ လုပ်သားအထွေထွေ ရာထူးနေရာများအတွက် လျှောက်လွှာများ အလိုရှိပါသည်။

၂။ အဆိုပါ ရာထူးနေရာအတွက် အရည်အချင်း သတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ကျန်းမာသန်စွမ်းသူဖြစ်ပြီး ၃၁-၁-၂၀၀၈ရက်တွင် အသက်(၃၀)ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်ထားလိုသူများသည် ကိုယ်ရေးအကျဉ်း၊ ပတ်စပို့အရွယ်ဓာတ်ပုံ (၃)ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်း ထောက်ခံချက်၊ နိုင်ငံသား စိစစ်ရေးကတ်ပြား မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ကျန်းမာရေး ကောင်းမွန်ကြောင်းထောက်ခံချက်နှင့်အတူ ရေနီအမှတ်(၂)စက္ကူစက်ရုံသို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

၄။ အသေးစိတ်သိလိုပါက မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၊ နေပြည်တော် ဖုန်းနံပါတ်-၀၆၇-၄၀၈၂၈၀ နှင့် ရေနီအမှတ်(၂)စက္ကူစက်ရုံ ဖုန်းနံပါတ်-၀၆၇-၃၀၅၁၄တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ်(၁)စက်မှုဝန်ကြီးဌာန
မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း
B.E ဘွဲ့ရသူများအား အလုပ်ရုံစိတ်မှူး
ဝန်ထမ်းနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ အမှတ် (၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ရေနီအမှတ် (၂)စက္ကူစက်ရုံတွင် လစ်လပ်လျက်ရှိသော လစာနှုန်း ၃၉၀၀ဝိ-၁၀၀ဝိ-၄၄၀၀ဝိ တန်း အလုပ်ရုံစိတ်မှူးရာထူးနေရာများတွင် B.E ဘွဲ့ရများ လျှောက်ထားနိုင်ပါသည်။

၂။ အဆိုပါ ရာထူးနေရာအတွက် အရည်အချင်း သတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် B.E ဘွဲ့ရဖြစ်ရမည်။

(ဂ) လျှောက်ထားသူသည် ကျန်းမာသန်စွမ်းသူဖြစ်ပြီး ၃၁-၁-၂၀၀၈ရက်တွင် အသက်(၃၀)ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်ထားလိုသူများသည် ကိုယ်ရေးအကျဉ်း၊ ပတ်စပို့အရွယ်ဓာတ်ပုံ (၃)ပုံ၊ ဘွဲ့ရလက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်း ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ကျန်းမာရေး ကောင်းမွန်ကြောင်း ထောက်ခံချက်နှင့်အတူ ရေနီအမှတ် (၂)စက္ကူစက်ရုံသို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

၄။ အသေးစိတ်သိလိုပါက မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ နေပြည်တော် ဖုန်းနံပါတ် ၀၆၇-၄၀၈၂၈၀နှင့်ရေနီအမှတ် (၂)စက္ကူစက်ရုံ ဖုန်းနံပါတ်-၀၆၇-၃၀၅၁၄တို့သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

ရှင်းလင်း

ဖြူးမြို့နယ် ကညွတ်ကွင်းမြို့တွင်း ရေစီးရေလာကောင်းမွန်ရေး အတွက် တံတားများ ပြုပြင်ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၂၂ရက်က တိုင်း ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ကွင်းဆင်းစစ်ဆေးရာ ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦး သန်း လင်း ထွန်း က ရှင်းလင်းပြသစဉ်။

(မြို့နယ်စည်ပင်)

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မြို့မဈေးကြီးတွင် ဖေဖော်ဝါရီ၇ရက်က အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်း ကြပ်မတ်၍ မီးဘေးလုံခြုံရေး ဓာတ်တိုက်လေ့ကျင့်ခဲ့စဉ်။ (မြို့နယ်စည်ပင်)

ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ အမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဦးဥတ္တမလမ်းဆုံ တြိဂံပန်းခံအလှ ဆောင်ရွက်ထားရှိမှုကို ဖေဖော်ဝါရီ ၂၀ ရက်က စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမိုးဝင်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးညီညီဆွေတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

ကြည့်ရှုစစ်ဆေး

ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပန်းခြံအတွင်း အရိပ်ရပင်၊ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုကို ဇန်နဝါရီ၂၂ရက်က စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်စိုး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပြည်သူ့သဘောထား

- တည်ငြိမ်မှုကို လိုလားသည်
- အေးချမ်းမှုကို လိုလားသည်
- ဆူပူအကြမ်းဖက်မှုကို မလိုလား

နေပြည်တော်လယ်ဝေး မီးဘေးသင့် အိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေ ပေးအပ်ပွဲကျင်းပ

နေပြည်တော် မတ် ၁၁

နေပြည်တော်လယ်ဝေး မီးဘေးသင့်အိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီက နေပြည်တော်လယ်ဝေးရှိ အင်ဘုဘုန်းတော်ကြီးကျောင်း ပြည်လုံးချမ်းသာဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ထွန်းက မတ် ၉ ရက် မွန်းလွဲပိုင်းတွင် မီးလောင်မှုဖြစ်ပွားခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အားပေးစကားပြောကြား

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း

စာမျက်နှာ ၁၁ ကော်လံ ၁ ✻

ကြည့်ရှုအားပေး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ယာယီကယ်ဆယ်ရေးစခန်းနှင့် မီးဘေးသင့် အိမ်ထောင်စုများအား ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မီးကြွင်းမီးကျန်မရှိရန် ကျင့်ကြံသတိ အမြဲရှိ။

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ။

★ မိုးလုံးပြည့် မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC

လေလှိုင်းပေါ်က လူသတ်သမားများ

ပြည်သူအားလုံး သတိထား